# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၀)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (21-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၇၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိပ္ပွန်ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA ကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌအနေဖြင့် တတ်နိုင်သည့်ဘက်က ကူညီကြိုးပမ်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ရေးအတွက် နိပ္ပွန်ဖောင်ဒေးရှင်းက ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဒီပါဝလီနေ့ ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် (၂၀၂၆ ခုနှစ် နိုဝင်ဘာ ၈ ရက်) တနင်္ဂနွေနေ့သည် **"ဒီပါဝလီနေ့"** ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် ၁၃၈/၂၀၂၆ ဖြင့် ကြေညာထားပါသည်။

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ တက္ကသိုလ်များသို့ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၃၆ ဦးနှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်စေလွှတ်ခဲ့ရာ ယမန်နေ့နံနက်ပိုင်းက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ တက္ကသိုလ်များသို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် စာမျက်နှာ ၂၁ ကော်လံ ၁ ●



ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ တက္ကသိုလ်များသို့ သွားရောက်လေ့လာစဉ်။



## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ယာဉ်များအတွက် ဓာတ်ငွေ့လုံလောက်စွာ ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများခရီးသွားလာရာတွင် အဆင်ပြေစေရန်အတွက် "က" ကုန်စည်ယာဉ် ၁၂၇၅ စီး ၊ "ခ" ခရီးသည်တင်ယာဉ် YBS ၅၅၁၆ စီးနှင့် အခြား ၆၄၂ စီး၊ "ဂ" စင်းလုံးငှား/Taxi ၁၇၉၉၁ စီး၊ "ဃ" ကြိုပို့ယာဉ် ၁၈၄ စီး၊ "င"ကိုယ်ပိုင်စီးပွားသုံးယာဉ် ၁၁၅၉ စီး၊ ဌာနဆိုင်ရာယာဉ်အစီး ၁၉၀ စုစုပေါင်း ၂၆၉၅၇ စီးကို စာမျက်နှာ ၂၁ ကော်လံ ၁ ✱

## ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၀**

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးကမ်းခြေတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**

# တံတားဦးမြို့နယ် ကျစွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျစွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျစွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျစွာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၂၀ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၅ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၅ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၆ ဦးကို ရန်ပုံငွေကျပ် ၅၁ ဒသမ ၇၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းထံမှ သိရသည်။ **အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆောက်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးသန့်စင်–ဒေါ်သန်းသန်းအေး (TS မော်တော်ယာဉ်ထုတ်လုပ်ရေး) မိသားစုက မွေးနေ့အထိမ်းအမှတ်အဖြစ် ရေမြောင်းပြုပြင်ရန်အတွက် ငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏နာယက ဦးမောင်ကို၊ ကြီးကြပ်ရေးနှင့် အထောက်အကူပြုဥက္ကဋ္ဌ ဦးစိုးလင်းတို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၁၀၈၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စားတော်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၁၀၈၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ဆားလင်းကြီးမြို့နယ်တွင် ၆၇၃ ဧက၊ ပုလဲမြို့နယ်တွင် ၄၁၂ ဧက၊ စုစုပေါင်း ၁၀၈၅ ဧကဖြစ်ကြောင်း၊ အဆိုပါ စားတော်ပဲစိုက်ပျိုးမှုကို အောက်တိုဘာလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ စားတော်ပဲဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ စားတော်ပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် စားတော်ပဲစိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# မိတ္ထီလာမြို့နယ် မင်းရွာကျေးရွာ၌ အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့နယ် မင်းရွာကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန်၊ ရေကို ကြိုတင် စုဆောင်းထားရှိရန်နှင့် ရေကို စနစ်တကျသုံးစွဲကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ဌာနဆိုင်ရာ အဖွဲ့အစည်းများထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများကို အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဆက်လူ**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရှဉ့် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ငါးရှဉ့် ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးရှဉ့် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးရှဉ့်တွေ သိသိသာသာ ဝယ်ယူမှုအားကောင်းနေပါတယ်။ ပန်းတနော်မြို့နယ်က ထွက်ရှိတဲ့ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုလို ငါးရှဉ့်တွေ တင်ပို့ရောင်းချရမှု ကောင်းလာတော့ ငါးရှဉ့်မွေးမြူရေး လုပ်ငန်းရှင်တွေ၊ ရေလုပ်သားတွေ အဆင်ပြေလာပါတယ်" ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးရှဉ့်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိတွင် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၄၅၀၀ ထိ အရွယ်အစားပေါ်မူတည်၍ ဈေးအပြောင်းအလဲရှိကြောင်း သိရသည်။

အဆိုပါဒေသမှ ငါးရှဉ့်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ကုန်သည်များ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ရှင်မုတ္ထီးဘုရားနှင့် ရှင်အနန္တပညာခေါင်းလောင်း

**မောင်သာ(ရှေးဟောင်းသုတေသန)**



ထားဝယ်မြို့ ရှင်မုတ္ထီးဘုရားရှိရှင်အနန္တပညာခေါင်းလောင်း။

မှတ်တမ်းကမ္ပည်းစာများ ရေးထိုးထားသည့် ကြေးသွန်းခေါင်းလောင်းများကို မြန်မာနိုင်ငံ နေရာဒေသ အသီးသီးတွင် မြင်တွေ့နိုင်ကြသည်။ ထိုခေါင်းလောင်းများတွင် ထားဝယ်မြို့ ရှင်မုတ္ထီးဘုရားတွင် ချိတ်ဆွဲထားသည့် ခေါင်းလောင်းသည် တစ်လုံးအပါအဝင်ဖြစ်သည်။ ထိုခေါင်းလောင်းသည် အလှူရှင် ရှင်အနန္တပညာကိုအစွဲပြုလျက် ရှင်အနန္တပညာခေါင်းလောင်းဟု ထင်ရှားသည်။

ရှင်အနန္တပညာခေါင်းလောင်းကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိရှင်မုတ္ထီးဘုရား အရှေ့ဘက်စောင်းတန်းတောင်ဘက်တွင် ချိတ်ဆွဲထားသည်။ ခေါင်းလောင်းအလှူရှင်သည် အရှင်အနန္တပညာ မထေရ်ဖြစ်၍ ခေါင်းလောင်းကို သွန်းလုပ်သည့်ခုနှစ်သည် မြန်မာသက္ကရာဇ် ၁၀၉၄ ခုနှစ်ဖြစ်သည်။ ထိုခုနှစ်သက္ကရာဇ်သည် ခေါင်းလောင်းကို ကုန်းဘောင်ခေတ်အကြိုကာလတွင် သွန်းလုပ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ရှင်မုတ္ထီးဘုရားသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်-မြိတ်မော်တော်ကားလမ်းပေါ်ရှိ ရှင်မုတ္ထီးကျေးရွာတွင်တည်ရှိကာ ထားဝယ်မြို့မှ တောင်ဘက်တည့်တည့်သို့ ခြောက်မိုင်ခန့်သာ ကွာဝေးသည်။

**ထားဝယ်မြို့**

ရန်ကုန်မြို့မှ မော်တော်ကားလမ်းအတိုင်း ၃၉၁ မိုင်ကွာဝေးသည့် ထားဝယ်မြို့သည် သာယာလှပသော မောင်းမကန်ကမ်းခြေကြောင့် ထင်ရှားသကဲ့သို့ ဗုဒ္ဓဘာသာဝင်များ သွားရောက်ဖူးမြော်ကြသည့် ရှေးဟောင်းသမိုင်းဝင် ရှင်ကိုးရှင်ဘုရားများကြောင့်လည်း ကျော်ကြားသောမြို့တစ်မြို့ဖြစ်သည်။

ထားဝယ်မြို့သည် မြန်မာနိုင်ငံတောင်ပိုင်းတွင် တည်ရှိ၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးစိုက်သည့် မြို့တော်ဖြစ်ပြီး ထားဝယ်မြစ်၏ မြောက်ဘက်ကမ်းတွင်တည်ထားသည့် မြို့ဖြစ်သည်။ ထားဝယ်မြို့သည် မြန်မာနိုင်ငံ တောင်ပိုင်းရှိ တနင်္သာရီတိုင်းဒေသကြီးအစိုးရ ရုံးစိုက်သည့် တိုင်းမြို့တော်ဖြစ်ပြီး ထားဝယ်မြစ်၏ မြောက်ဘက်ကမ်းတွင်တည်ရှိကာ မုတ္တမပင်လယ်အော်မှ ၁၈ ဒသမ ၆ မိုင်ကွာဝေးသည်။

ထားဝယ်ဒေသသည် ၁၁ ရာစုမှ ၁၃ ရာစုအတွင်း ပုဂံဘုရင်များဩဇာသက်ရောက်သည့် နယ်မြေတစ်ခု ဖြစ်ခဲ့ပြီး ခရစ်နှစ် ၁၅၆၄ ခုနှစ်မှ ၁၅၉၄ ခုနှစ်ထိ တောင်ငူဘုရင်များ၏ လက်အောက်တွင် ရှိခဲ့သည်။ ခရစ်နှစ် ၁၅၉၄ ခုနှစ်မှ စ၍ နှစ် ၂၀ ကြာ ယိုးဒယားလက်အောက်သို့ရောက်ရှိခဲ့ပြီး ၁၆၁၄ ခုနှစ်မှ ၁၇၄၀ ပြည့်နှစ်ထိ မြန်မာပိုင်နယ်မြေအတွင်း တောင်ဘက်စွန်းမြို့တော်အဖြစ် တည်ရှိခဲ့သည်။ ယိုးဒယားတို့သည် ၁၇၄၀ ပြည့်နှစ်တွင် တနင်္သာရီဒေသကို လက်အောက်ခံအဖြစ် သတ်မှတ်ခဲ့သော်လည်း ၁၇၆၀ ပြည့်နှစ်တွင် အလောင်းမင်းတရား ဦးအောင်ဇေယျ (၁၇၅၂-၁၇၆၀)က ပြန်လည်သိမ်းပိုက်ရယူခဲ့ပြီး လေးကျွန်းဆီမီးစေတီတော်ကို တည်ခဲ့သည်။ အလောင်းမင်းတရားသည် တနင်္သာရီမြို့အနီးတွင် စခန်းချခဲ့ရာ နောင်အခါတွင် ၎င်းနေရာသည် အလောင်းဘုရားရွာဟု အမည်တွင်ခဲ့သည်။ တနင်္သာရီမြို့နယ်အတွင်းရှိ ခားသွေးချောင်းဟု အမည်တွင်ခဲ့သည့် နေရာတွင် အလောင်းမင်းတရားနှင့် စစ်သည်များ ခားသွေးခဲ့သည်ဟု ဆိုကြသည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ (၁၈၂၄-၁၈၂၆) အပြီးတွင် ဗြိတိသျှတို့က တနင်္သာရီဒေသကို သိမ်းပိုက်ခဲ့ရာ ထားဝယ်မြို့လည်း ပါဝင်သွားခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း၌ တည်ရှိသည့် ထင်ရှားသော ရှင်ကိုးရှင်ဘုရားအနက် ထားဝယ်မြို့နယ်တွင် ရှင်ပင်ခရ၊ ရှင်မုတ္ထီး၊ ရှင်ဥသြနှင့် ရှင်ခတ်ဝဲစေတီတော်တို့တည်ရှိသည်။ လောင်းလုံမြို့နယ်တွင် ရှင်မျှော်တောင်၊ ရှင်တောက်ထိန်နှင့် ရှင်ဇလွန်စေတီတော်တို့တည်ရှိ၍ ရှင်တောင့်ပုံစေတီက သရက်ချောင်းမြို့နယ် ရှင်ဆံတော်စေတီကရေဖြူမြို့နယ်တွင်ရှိသည်။

ရှင်ကိုးရှင်ဘုရားများရှိသည့်အရပ်ကို တောင်သုံးတောင်၊ တောသုံးတော၊ မြို့သုံးဆူဟု အမှတ်အသား ပြုကြသည်။ တောင်သုံးတောင် ဘုရားများသည် ရှင်ဆံတော်၊ ရှင်မျှော်တောင်နှင့်ရှင်တောင့်ပုံတို့ဖြစ်ကြပြီး တောသုံးတောဘုရားများမှာ ရှင်ခတ်ဝဲ၊ ရှင်ဇလွန်နှင့် ရှင်တောက်ထိန်ဖြစ်သည်။ ရှင်ပင်ခရ၊ ရှင်ဥသြနှင့် ရှင်မုတ္ထီးတို့သည် မြို့သုံးဆူဘုရားများဖြစ်ကြသည်။

**ရှင်မုတ္ထီးဘုရား**

ရှင်မုတ္ထီးဘုရားသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏တောင်ဘက် ထားဝယ်-မြိတ်မော်တော်ကားလမ်းမပေါ်ရှိ ရှင်မုတ္ထီးကျေးရွာတွင် တည်ရှိသည်။ ထိုရုပ်ပွားတော်သည် ရှင်ကိုးရှင်တွင် တစ်ဆူ အပါအဝင်ဖြစ်သည်။

ဘုရားသမိုင်းအရ ၁၄၃၈ ခုနှစ် (သက္ကရာဇ် ၈၀၀ ပြည့်)တွင် သီဟိုဠ်ကျွန်းဘုရင် ဆဋ္ဌသီရိ ပရက္ကမဗာဟုမင်းသည် သာသနာတော်ကို ကြည်ညိုသဖြင့် ပင်လယ်ရပ်ခြား ဒေသများ၌ သာသနာထွန်းကားရန် ရည်ရွယ်လျက် ဗောဓိညောင်သားဘုရားရှင်ရုပ်ပွားတော် လေးဆူကိုထုလုပ်ကာ ဖောင်လေးစင်းတွင် တင်ဆောင်၍ ပင်လယ်သို့မျှောခဲ့သည်။ ဆင်းတုတော် အသီးအသီး၏အောက်၌ အလယ်တွင် အပေါက်နှင့် လှည်းဘီးဝိုင်းပုံသဏ္ဌာန် ကျောက်ပြားဝိုင်းကို ပလ္လင်အဖြစ်ခံလျက် ဗောဓိတစ်ပင်စီကို ထည့်သွင်းခဲ့သည်။ ဆင်းတုတော်လေးဆူအနက် တစ်ဆူသည် ပုသိမ်မြို့သို့လည်းကောင်း (ယခု ရွှေမုဋ္ဌော ဘုရားတစ်ဆူသည် ကျိုက်ထိုမြို့သို့လည်းကောင်း (ယခု ကျိုက်ပေါလော မွဲ့ရှင်ဘုရား) တစ်ဆူသည် ကျိုက္ခမီ မြို့သို့လည်းကောင်း (ယခုကျိုက္ခမီ ရေလယ်ဘုရား) ကျန်တစ်ဆူသည် ထားဝယ်ဒေသသို့လည်းကောင်း ရောက်ရှိခဲ့သည်။

ဆင်းတုတော်တင်ထားသည့် ဖောင်သည် ထားဝယ်မြစ်အတွင်း မြစ်လယ်သောင်ခုံသို့ ဆိုက်ခဲ့သည်။ သီလရှင် မယ်အေသီ (လူအမည် မန်းမွှီး)က ဘုရားရုပ်ပွားတော်ကို သက္ကရာဇ် ၈၀၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် တနင်္ဂနွေနေ့တွင် ကုန်းပေါ်သို့ပင့်ဆောင်ခဲ့သည်။

ထိုရုပ်ပွားဆင်းတုတော်သည် ရှင်မုတ္ထီးဘုရားဟူသည့် ဘွဲ့မည်ဖြင့် ကျော်စောခဲ့သည်။ ရှင်မုတ္ထီးဘုရားဟု ဘွဲ့မည်ထင်ရှားရခြင်းမှာ အင်းဝပထမမင်းခေါင်သည် မင်းအဖြစ်မရောက်မီ ဆင်းရဲသူတစ်ဦးအဖြစ် လှည့်လည်သွားလာစဉ် ထားဝယ်ဒေသသို့ ရောက်ရှိခဲ့ပြီး ဆံပင်လှသော ဆံရှည်မိန်းကလေး တစ်ဦးနှင့် အကြောင်းပါခဲ့သည်။ ထိုဆံရှည်မိန်းကလေးသည် သားယောကျ်ားတစ်ဦးကို ဖွားမြင်ခဲ့သည်။ အရွယ်ရောက်လျှင် ခမည်းတော်စံမြန်းနေသည့် အင်းဝမြို့သို့ လိုက်သွားသည်။ ဘုရင်မင်းခေါင်လည်း မိမိ၏သားတော်မှန်းသိ၍ သားတော်အား မင်းတရားဘွဲ့နှင့် အဆောင်အယောင်များကို ပေးကာ ဇာတိဌာနေသို့ပြန်ကာ တစ်ထီးတစ်နန်း အုပ်စိုးစေခဲ့သည်။

မင်းတရားသည် ထားဝယ်ဒေသသို့ရောက်လျှင် သက္ကရာဇ် ၇၇၉ ခုနှစ်၌ မုတ္တာသုခမြို့ဟု မြို့နန်းသစ်တည်ထောင်စိုးစံခဲ့သည်။ ထိုနေရာကို အကြောင်းပြု၍ ရှင်မုတ္ထီးဘုရား ခေါ်တွင်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ ယခု ဖူးမြင်ရသော ရှင်မုတ္ထီးဘုရားသည် ဉာဏ်တော် တစ်တောင့်တစ်ထွာ ရှိသည်။ ထိုဆင်းတုတော်အောက်ရှိ ပလ္လင်အတွင်း၌ ထားဝယ်ဒေသသို့ ရောက်ရှိလာခဲ့သော ဆင်းတုတော်အစစ်ကို ဌာပနာထားသည်ဟု ဆိုကြသည်။

**❖ ရှင်မုတ္ထီးဘုရားရင်ပြင်တွင် သမိုင်းဝင် ရှေးဟောင်းခေါင်းလောင်း တစ်လုံးရှိသည်။ ခေါင်းလောင်းတွင် မှတ်တမ်းကမ္ပည်းစာ ခေါင်းလောင်းစာခုနစ်ကြောင်း ရေးထိုးထားသည်။ ထိုခေါင်းလောင်းသည် ကုန်းဘောင်ခေတ်မတိုင်မီက သွန်းလုပ်လှူဒါန်းခဲ့သည့် ရှင်အနန္တပညာခေါင်းလောင်းဖြစ်၍ ခေါင်းလောင်းစာအပြည့်အစုံကို မြန်မာနိုင်ငံလက်ရွေးစင် ရှေးဟောင်းခေါင်းလောင်းစာများ စာအုပ်တွင် ဖော်ပြထားသည်။ ရှင်အနန္တပညာခေါင်းလောင်းကို သက္ကရာဇ် ၁၀၉၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် တနင်္လာနေ့တွင် သွန်းလုပ်ကြောင်း ခေါင်းလောင်းစာ ပထမစာကြောင်းတွင် ရေးထိုးထားသည်။ ❖**

**ရှင်အနန္တပညာခေါင်းလောင်း**

ရှင်မုတ္ထီးဘုရားရင်ပြင်တွင် သမိုင်းဝင် ရှေးဟောင်းခေါင်းလောင်းတစ်လုံးရှိသည်။ ခေါင်းလောင်းတွင် မှတ်တမ်းကမ္ပည်းစာ ခေါင်းလောင်းစာ ခုနစ်ကြောင်း ရေးထိုးထားသည်။ ထိုခေါင်းလောင်းသည် ကုန်းဘောင်ခေတ်မတိုင်မီက သွန်းလုပ်လှူဒါန်းခဲ့သည့် ရှင်အနန္တပညာခေါင်းလောင်းဖြစ်၍ ခေါင်းလောင်းစာ အပြည့်အစုံကို မြန်မာနိုင်ငံလက်ရွေးစင် ရှေးဟောင်းခေါင်းလောင်းစာများ စာအုပ်တွင် ဖော်ပြထားသည်။

ရှင်အနန္တပညာခေါင်းလောင်းကို သက္ကရာဇ် ၁၀၉၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် တနင်္လာနေ့တွင် သွန်းလုပ်ကြောင်း ခေါင်းလောင်းစာ ပထမစာကြောင်းတွင် ရေးထိုးထားသည်။ ထိုရက်စွဲသည် ခရစ်နှစ် ၁၇၃၂ ခုနှစ် မေလ ၈ ရက် တနင်္လာနေ့ဖြစ်သည်။

ခေါင်းလောင်းစာတွင် "ခေါင်းလောင်းအလေးချိန် ၇ ဆယ်၊ ပုဇွန်တုပ်ကွေး အဆွဲ ၁၃ ဟု ရေးထိုးထားသဖြင့် ကြေးချိန် ၈၃ ပိဿာ"ဟု ယူဆရသည်။ ခေါင်းလောင်းကို သူငယ်အိပ်ဆိတ် ညဉ့်အချိန်တွင် သွန်းလုပ်ပြီးစီးကြောင်း ခေါင်းလောင်းစာတွင် ရေးထိုးထားသည်။

ဆက်လက်၍ ခေါင်းလောင်းစာကို ပါဠိတစ်ချက် မြန်မာတစ်ချက် ရေးထိုးထားရာ ခေါင်းလောင်းစာ ခုနစ်ကြောင်းရှိသည်။ ခေါင်းလောင်းစာများ၏ အဓိပ္ပာယ်သည် "ဤသို့သဘောရှိသော ခေါင်းလောင်းဟူသော ငါ့အလှူ ငါ့ကောင်းမှုကြောင့် အကျွန်ုပ်သည် အကြင်မျှလောက်သော ဘုရားအဖြစ်သို့ မရောက်သေး။ ထိုမျှလောက် စင်ကြယ်စွာသော၊ ရတနာသုံးပါး၌ ကြည်ညိုခြင်းနှင့်ပြည့်စုံသော၊ ကြွယ်ဝသော၊ များသောဥစ္စာရှိသော အမျိုး၌ ဖြစ်ရပါလို၏။"

"ငါ၏ကိုယ်သည် စန္ဒကူးသရက္ခန်ကဲ့သို့ အနံ့ရှိသည်၊ အသံရှိသည်၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ကရဝိက်ငှက်မင်း၏ အသံကဲ့သို့သာယာသည် ဖြစ်ပါလိုသတည်း။ ငရဲ၌၊ တိရစ္ဆာန်တို့၌ ပြိတ္တာတို့၌ အသူရကာယ်သုံးမျိုး၌ အပြင်သို့သောဆင်းရဲတို့သည် ရှိ၏။ ထိုအလုံးစုံသောဆင်းရဲကို တစ်ရံတစ်ခါမှ မတွေ့ရလို၊ အရိမေတ္တေယျရှင်တော်ဘုရား၏ ခြေတော်ရင်းနှိုက် နိယတဗျာဒိတ်ကိုရသည် ဖြစ်ရပါလို၏။"

"ဤခေါင်းလောင်းဟူသော အလှူ၏အဘို့ကို အမိ အဘဆရာတို့ကိုသာလျှင် အစပြု၍ ဘုံသုံးပါး၌ ကျင်လည်ကုန်သော သတ္တဝါတို့သည် အကျွန်ုပ်နှင့် အမျှ ရကြစေကုန်သတည်း။ အနန္တပညာသွန်းသည့် ခေါင်းလောင်း"ဟု ရေးထိုးထားသည်။(မူရင်းစာသားအတိုင်းဖြစ်ပါသည်။)

မူရင်းခေါင်းလောင်းစာကို မွန်ဘာသာဖြင့် ပါဠိတစ်ချက်၊ အနက်တစ်ချက်ရေးထိုးထားသော်လည်း ဆရာကြီးဦးစိန်မောင်ဦးက မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့သဖြင့် အလွယ်တကူ ဖတ်ရှုနားလည်နိုင်ခဲ့ကြပေသည်။ ထို့ကြောင့် ထားဝယ်မြို့ရှိ ရှင်အနန္တပညာခေါင်းလောင်းနှင့် ခေါင်းလောင်းစာများသည် မြန်မာ့သမိုင်း မှတ်တမ်းတစ်စိတ်တစ်ပိုင်း ဖြစ်လာခဲ့ပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၅)**
- **လက်ရွေးစင်ရှေးဟောင်းခေါင်းလောင်းစာများ(ဦးစိန်မောင်ဦး)**
- **ရှင်ကိုးရှင်ဘုရားသမိုင်း(ဦးအောင်နိုင်)**

## ၂၀၂၄ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးသည့် နေကြာဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ပွင့်ဖြူ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နေကြာ ဧကအားလုံးကို ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၂၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် နေကြာ ၁၉ ဒသမ ၄ တင်း ထွက်ရှိကြောင်းသိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နေကြာ ၁၁၂၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်။ နေကြာရိတ်သိမ်းတာနဲ့ပတ်သက်ပြီး အထွက်နှုန်းတွေ လျော့နည်းမှုမဖြစ်အောင် တောင်သူတွေကို အချိန်မီရိတ်သိမ်းကြဖို့၊ အရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက် စနစ်တကျသိမ်းဆည်းကြဖို့ အသိပညာပေး လုပ်ငန်းတွေကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် နေကြာစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကိုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## တာချီလိတ်မြို့နယ် ဝမ်ကောင်း-၂ ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**တာချီလိတ် အောက်တိုဘာ ၂၀**

တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် မိုင်းကိုးကျေးရွာအုပ်စု ဝမ်ကောင်း-၂ ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့သင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဝမ်ကောင်း-၂ ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို အဆိုပါလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်မှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူ ထည့်ဝင်ငွေကျပ် ၄၆ ဒသမ ၁ သိန်း စုစုပေါင်း ငွေကျပ် ၁၉၆ ဒသမ ၁ သိန်း အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

## မေတ္တာကိုတည် တို့မြန်ပြည်

\- မေတ္တာကို သုံးသမျှ  
နှလုံးလှ စိတ်လည်းရွှင်၊  
ဖူးငုံဆင် မိုးဆမ်းပန်းလို  
လန်းဆန်းဖို့ပင်၊  
နှုတ်ဖွင့်တိုင်း ရနံ့လွင်  
ပျံ့ချင်တိုင်း ပျံ့တဲ့သတင်း၊  
ပန်းကလေး ဝေဝေဆာကို  
လေသာကာ တလှိုင်လှိုင်သွေးသည့်နှယ်  
(အို..)ကြိုင်မွှေးလို့ သင်း။

\- မေတ္တာကို နှလုံးသွင်းတော့  
ပြုံးခြင်းက စိတ်မှာထင်၊  
စမ်းရေယဉ် အသွေးတမျှ  
အေးမြ ကြည်လင်၊  
စမ်းမှာလည်း မြလိုပင်  
အလှပိုလွင်တဲ့ ဝန်းကျင်နန်း၊  
စမ်းချောင်းကလေး ယှက်ဖြာသလိုပေါ့  
မေတ္တာရေ စီးသမျှ  
(အို...)ခရီးလှမဲ့ လမ်း။

\- မေတ္တာသာ ပြည်တစ်ဝန်း  
တည်စမ်းပေါ့ တို့မြန်မာ၊  
ပန်းတွေလို သတင်းပျံ့တိုင်း  
သင်းနံ့ကြိုင်မှာ၊  
စမ်းရေသို့ အေးမြကာ  
ဘေးဘယာတို့ ဝေးခွာလှမ်း၊  
ပန်းတစ်ခင်း စမ်းတစ်စင်းရယ်နဲ့  
လန်းခြင်းတွေ တစ်ပြည်လုံး  
(အိုကွယ်...) ဝေဖုံးမဲ့နန်း။ ။

**လွမ်းလေးကို(သရက်)**

## ညောင်ရွှေမြို့နယ် မန်းအောင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

**ညောင်ရွှေ အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘန်ပြင်ကျေးရွာအုပ်စု မန်းအောင်ကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်ချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး မြို့နယ်ဦးစီးမှူးက အစည်းအဝေး တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အမေရိကန်သမ္မတ၏ အထူးသံတမန် နော်ဝေနှင့် ရုရှားနိုင်ငံတို့သို့ သွားရောက်မည်

**ဝါရှင်တန် အောက်တိုဘာ ၂၀**

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်၏ အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်သည် ယူကရိန်းစစ်ရေး ပဋိပက္ခပြီးဆုံးရေး ဆွေးနွေးပွဲများ တက်ရောက်ရေးအတွက် ယခုရက်သတ္တပတ်အတွင်း နော်ဝေနိုင်ငံသို့ သွားရောက်မည် ဖြစ်ကြောင်း အောက်တိုဘာ ၁၉ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နော်ဝေနိုင်ငံ အော့စ်လိုမြို့၌ ကျင်းပမည့် ယူကရိန်းစစ်ရေး ပဋိပက္ခပြီးဆုံးရေး ဆွေးနွေးပွဲတွင် ယူကရိန်းသမ္မတ ဇီလန်စကီး၊ နော်ဝေဝန်ကြီးချုပ် ယိုးနက်စ်ဂါးစတိုး၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ပိုလန်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြဖွယ် ရှိကြောင်း သိရသည်။

ထို့ပြင် အဆိုပါ ဆွေးနွေးပွဲသို့ ဥရောပသမဂ္ဂနှင့် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး) တာဝန်ရှိသူများလည်း တက်ရောက်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရ သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

အမေရိကန် အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်သည် နော်ဝေခရီးစဉ်အပြီးတွင် ရုရှားနိုင်ငံသို့ ဆက်လက် သွားရောက်မည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များ၏ အဆိုအရသိရသည်။

အမေရိကန်အစိုးရနှင့် ယူကရိန်းအစိုးရတို့ကြား ဆက်ဆံရေး တင်းမာနေချိန်တွင် နော်ဝေ၌ ကျင်းပမည့် ယူကရိန်းစစ်ရေး ပဋိပက္ခပြီးဆုံးရေး ဆွေးနွေးပွဲသို့ တက်ရောက်ရန် အမေရိကန်အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်က စီစဉ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# တရုတ်၊ ရုရှား သမ္မတတို့နှင့် နျူကလီးယားလက်နက်ထိန်းချုပ်ရေးဆွေးနွေးရန် လမ်းဖွင့်ထားကြောင်း အမေရိကန်သမ္မတ ပြောကြား







**ဝါရှင်တန် အောက်တိုဘာ ၂၀**

လာမည့်လအတွင်း တရုတ်သမ္မတ၊ ရုရှားသမ္မတတို့နှင့် နျူကလီးယားလက်နက် ထိန်းချုပ်ရေးသုံးပွင့်ဆိုင် ဆွေးနွေးပွဲကျင်းပရန် မိမိအနေဖြင့် လမ်းဖွင့်ထားသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၁၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါ ပြောကြားချက်ကြောင့် အမေရိကန်၊ ရုရှား၊ တရုတ်တို့၏ သုံးပွင့်ဆိုင် လက်နက်ထိန်းချုပ်ရေးထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ခြေ မြင့်တက်လာခဲ့သည်။

မိမိအနေဖြင့် တရုတ်၊ ရုရှား သမ္မတတို့နှင့် နျူကလီးယားလက်နက်များ ဖျက်သိမ်းရေး ဆွေးနွေးပွဲ ကျင်းပနိုင်ရန် လမ်းဖွင့်ထားကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

ယူကရိန်း စစ်ရေးပဋိပက္ခအဆုံးသတ်ရေးအတွက် သဘောတူညီချက်ရယူနိုင်ခဲ့ပါက ဥရောပတိုက်ရင်ဆိုင်နေရသည့် လုံခြုံရေးပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး လက်နက်ထိန်းချုပ်ရေး သဘောတူညီချက်ရရှိခဲ့ပါက နျူကလီးယားလက်နက်အများဆုံး ပိုင်ဆိုင်ထားသော တရုတ်၊ ရုရှား၊ အမေရိကန်နိုင်ငံတို့ကို ထိန်းကွပ်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကလေးဦးရေ ၂၀၀ ခန့် သေဆုံးမှုအတွက် အစာငတ်ခံ ဘာသာရေးဂိုဏ်းခေါင်းဆောင်တွင် အပြစ်ရှိဟု ကင်ညာတရားရုံးဆုံးဖြတ်

**နိုင်ရိုဘီ အောက်တိုဘာ ၂၀**

ကင်ညာအစာငတ်ခံ ဘာသာရေးဂိုဏ်းခေါင်းဆောင် ပေါလ်မက္ကင်ဇီနှင့် နောက်လိုက် ၂၈ ဦးတို့သည် ကလေးဦးရေ၁၉၁နှင့်အရွယ်ရောက်သူတစ်ဦးသေဆုံးမှုအတွက် အပြစ်ရှိသည်ဟု ကင်ညာတရားရုံးက အောက်တိုဘာ ၁၉ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကင်ညာနိုင်ငံ အရှေ့တောင်ပိုင်း ရှာကာဟိုလာ သစ်တောအနီး မြေကျင်းများ၌ ရုပ်အလောင်းများစွာကို ကင်ညာရဲတပ်ဖွဲ့က သတင်းအရ ၂၀၂၃ ခုနှစ်တွင် တူးဖော်တွေ့ရှိခဲ့ပြီးနောက် အစာငတ်ခံဘာသာရေး ဂိုဏ်းဆရာ ပေါလ်မက္ကင်ဇီကို အာဏာပိုင်များက စတင်ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

စုံစမ်းစစ်ဆေးမှု ရလဒ်များအရ ပေါလ်မက္ကင်ဇီနှင့် နောက်လိုက်များသည် အယူသီးခရစ်ယာန်ဂိုဏ်းတစ်ဂိုဏ်းကိုဖွဲ့စည်း၍ ကမ္ဘာမပျက်မီ ကောင်းကင်ဘုံရောက်ရှိရေးအတွက် အစာရေစာမစားသောက်ရန် ယုံကြည်သူများကို ညွှန်ကြားခဲ့ကြောင်း ကင်ညာအစိုးရရှေ့နေများက ပြောကြားထားသည်။

သို့ရာတွင် အစိုးရရှေ့နေများ၏ လူသတ်မှုစွဲချက်ကို ပေါလ်မက္ကင်ဇီက ငြင်းဆိုထားပြီး ၎င်းအနေဖြင့် သေဆုံးခဲ့သူများကို အစာရေစာမစားသောက်ရန် အမိန့်ပေးခဲ့ခြင်းမရှိကြောင်း ပြောကြားထားသော်လည်း တရားရုံးက ၎င်း၏လျှောက်လဲချေပချက်ကို ငြင်းပယ်ထားသည်။

ပေါလ်မက္ကင်ဇီနှင့် နောက်လိုက်များကို လာမည့် ဒီဇင်ဘာ ၆ ရက်တွင် စီရင်ချက်များချမှတ်မည်ဟု ကင်ညာပြည်တွင်း မီဒီယာများက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# သြစတြေးလျ အမျိုးသမီးလွှတ်တော်အမတ် မော်တော်ယာဉ်ဖြင့် ဝင်တိုက်ခံရ

**ဆစ်ဒနီ အောက်တိုဘာ ၂၀**

သြစတြေးလျ အမျိုးသမီး လွှတ်တော်အမတ် ဟယ်လင်ဟိန်းနက်စ်သည် အောက်တိုဘာ ၁၉ ရက်က ရည်ရွယ်ချက်ရှိရှိ ကားဖြင့် ဝင်တိုက်မှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး အခြေအနေ စိုးရိမ်ရသည်ဟု ဝန်ကြီးချုပ် အယ်လ်ဘာနီစီက သတင်း ထုတ်ပြန်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လွှတ်တာ်အမတ် ဟယ်လင် ဟိန်းနက်စ်ကို မော်တော်ယာဉ်ဖြင့် ဝင်တိုက်ခဲ့သူအဖြစ် ယူဆရသူကို ဖမ်းဆီးထိန်းသိမ်းထားပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သြစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီက ပြောကြားထားသည်။

လွှတ်တာ်အမတ် ဟယ်လင် ဟိန်းနက်စ်သည် ၎င်း၏ ရုံးပြင်ပ၌ မော်တော်ယာဉ်ဖြင့် ဝင်တိုက်ခံရခြင်းဖြစ်ကြောင်း သြစတြေးလျ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် ဟယ်လင် ဟိန်းနက်စ်ကို တိုက်ခိုက်မှု ကျူးလွန်ရခြင်း၏ ရည်ရွယ်ချက်ကို အတိအကျပြောနိုင်ရန် စောလွန်းနေဆဲဖြစ်ကြောင်း သြစတြေးလျဝန်ကြီးချုပ်က ပြောကြားထားသည်။

လွှတ်တော်အမတ် ဟယ်လင် ဟိန်းနက်စ်ကို မော်တော်ယာဉ်ဖြင့် ဝင်တိုက်ခဲ့သူမှာ အသက် ၄၃ နှစ်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး ၎င်းကို အခင်းဖြစ်ပွားချိန်တွင် လမ်းသွားလမ်းလာများက ဖမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ပြင်သစ်နိုင်ငံ၏ မြို့ကြီးများ၌ နေရာကွက်၍ ညမထွက်ရအမိန့် အာဏာပိုင်များ ထုတ်ပြန်

**ပဲရစ် အောက်တိုဘာ ၂၀**

ပဲရစ်၊ လိုင်လီ၊ နိုက်စ်မြို့တို့အပါအဝင် ပြင်သစ်နိုင်ငံ၏ မြို့ကြီးများ၏နေရာဒေသ အစိတ်အပိုင်းများ၌ ညမထွက်ရအမိန့်ကို ပြင်သစ်အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၁၉ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်ပိုင်းက ပြင်သစ်နိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများအတွင်း အဓိကရုဏ်းများနှင့် လုယက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် မြို့ကြီးများ၏ နေရာဒေသအစိတ်အပိုင်းများ၌ ညမထွက်ရအမိန့်များကို ပြင်သစ်တာဝန်ရှိသူများက ထုတ်ပြန်ထားခြင်းဖြစ်သည်။



ပဲရစ်မြို့၏ အချို့နေရာဒေသများ၌ ည ၈ နာရီမှ နံနက် ၆ နာရီထိ ညမထွက်ရအမိန့်ထုတ်ပြန်ထားကြောင်း ပြင်သစ်ရဲတပ်ဖွဲ့က ကြေညာချက် ထုတ်ပြန်ထားသည်။

အလားတူ ညမထွက်ရအမိန့် ခိုင်မာ တည်မြဲစေရေးအတွက် ရဲတပ်ဖွဲ့ဝင်များကိုလည်း အမိန့်ထုတ်ပြန်ထားသည့် နေရာများ၌ ဖြန့်ကြက်ထားကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်အတွင်း ဆန္ဒပြပွဲများနှင့်အတူ ပေါ်ပေါက်ခဲ့သော အဓိကရုဏ်းများမှာ ပြင်သစ်နိုင်ငံအတွက် နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံး မငြိမ်သက်မှု ဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အလင်းနှစ် ၁၂၀၀၀ အကွာတွင်ရှိသော အာကာသတွင်းနက်တစ်ခုက ကမ္ဘာဂြိုဟ်ဆီသို့ အပူဓာတ်ပြင်းထန်သော ပလပ်စမာအမှုန်စီးကြောင်းတစ်ခုကို ထုတ်လွှတ်နေ



**ဝါရှင်တန် အောက်တိုဘာ ၂၀**

အလင်းနှစ် ၁၂၀၀၀ အကွာတွင်ရှိသော အာကာသတွင်းနက်တစ်ခုသည် ကမ္ဘာဂြိုဟ်ဆီသို့ အပူဓာတ်ပြင်းထန်သော ပလပ်စမာအမှုန်စီးကြောင်း တစ်ခုကို ထုတ်လွှတ်နေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ အောက်တိုဘာ ၁၉ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

သို့ရာတွင် အာကာသတွင်းနက်နှင့် ကမ္ဘာဂြိုဟ်တို့ကြား အကွာအဝေးအရ အထက်ပါအာကာသတွင်းနက်က ထုတ်လွှတ်နေသည့် အမှုန်စီးကြောင်းကြောင့် ကမ္ဘာမြေအတွက် ပြဿနာမရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ အာကာသတွင်းနက်ကို IRAS 18293–0941 ဟူ၍ အမေရိကန် သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

IRAS 18293–0941 အာကာသတွင်းနက်ကို ကြယ်တစ်စင်းက ၁၁ ဒသမ ၃၈ ရက်လျှင် တစ်ပတ်ကျလှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

IRAS 18293–0941 အာကာသတွင်းနက်သည် အထက်ပါကြယ်မှ ဓာတ်ငွေ့များကို ဝါးမျိုနေပြီးအချို့ဓာတ်ငွေ့များကို ပလပ်စမာအမှုန်စီးကြောင်းအဖြစ် ပြန်လည်ထုတ်လွှတ်နေခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသတွင်းနက်က မှုတ်ထုတ်နေသည့် ပလပ်စမာအမှုန်စီးကြောင်း၏ အမြန်နှုန်းမှာ အလင်းရောင်အမြန်နှုန်း၏ လေးပုံသုံးပုံနှင့် ညီမျှကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ခေါင်းကိုက်ရောဂါထိုးဆေးသစ်တစ်မျိုးက ကိုယ်ဝန်ဆောင် မိခင်လောင်းများ ကိုယ်ဝန်ပျက်ကျနိုင်ခြေမြင့်မား

**အော့တဝါ အောက်တိုဘာ ၂၀**

ခေါင်းကိုက်ရောဂါကို ကုသရေးအတွက် ၂၀၁၈ ခုနှစ်တွင် စတင်အသုံးပြုခဲ့သော ထိုးဆေးသစ်တစ်မျိုးကြောင့် မိခင်လောင်းများ၌ ကိုယ်ဝန်ပျက်ကျနိုင်ခြေ မြင့်မားနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

CGRP–Blooking MAb ခေါင်းကိုက်ရောဂါ ထိုးဆေးသစ်သည် CGRPS ခေါ် ပရိုတင်းတစ်မျိုးကို ထိန်းချုပ်ပေးခြင်းဖြင့် ခေါင်းကိုက်ရောဂါကို သက်သာစေကြောင်း၊ CGRP–Blocking mAbs ထိုးဆေးများသည် အခြားခေါင်းကိုက်ရောဂါ ကုသဆေးများထက် ဘေးထွက်ဆိုးကျိုး ပိုနည်းသော်လည်း ကိုယ်ဝန်ဆောင်မိခင်လောင်းများ ကိုယ်ဝန်ပျက်ကျနိုင်ခြေ မြင့်မားနိုင်သည်ဟု ကနေဒါသုတေသနပညာရှင်များက ပြောကြားခဲ့သည်။

ကနေဒါ သုတေသနပညာရှင်များသည် ကိုယ်ဝန်ဆောင်မိခင်လောင်း ၇၅၇၉ ဦးတို့၏ ကိုယ်ဝန်သက် ပထမဆုံးအပတ် ၂၀ ကာလ ကျန်းမာရေး အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ခေါင်းကိုက်ရောဂါအတွက် CGRP–Blocking mAbs ထိုးဆေးသုံးစွဲသူ မိခင်လောင်းများသည် ကိုယ်ဝန်ပျက်ကျနိုင်ခြေ ၄၀ ရာခိုင်နှုန်း ပိုမြင့်မားသည်ကို တွေ့ရသည်ဟု သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# လွန်ခဲ့သောနှစ်ပေါင်းသန်း ၁၂၀ က ဗြိတိန်နိုင်ငံ အိုင်းအော့ဖ်ဝိုက်ကျွန်းပေါ်တွင် ကြောက်မက်ဖွယ်ဒိုင်နိုဆောတစ်မျိုး ရှင်သန်ကျက်စားခဲ့

**လန်ဒန် အောက်တိုဘာ ၂၀**

လွန် ခဲ့သော နှစ်ပေါင်း သန်း ၁၂၀ က ဗြိတိန်နိုင်ငံ အိုင်းအော့ဖ်ဝိုက်ကျွန်းပေါ်တွင် မီးဖိုချောင်သုံးဓားများတမျှ ရှည်လျားသည့် လက်သည်းများ ပိုင်ဆိုင်ထားသော ကြောက်မက်ဖွယ် ဒိုင်နိုဆောတစ်မျိုး ရှင်သန်ကျက်စားခဲ့သည်ကို သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း အောက်တိုဘာ ၁၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ခရီတေးစီးယပ်စ်ဘူမိခေတ်ဦးပိုင်း၌ ရှင်သန်ခဲ့ကြသည့် အထက်ပါ ဒိုင်နိုဆောများသည် အရွယ်အစားအားဖြင့် ကျားတစ်ကောင်၏ အရွယ်တစားတမျှရှိကြောင်း လန်ဒန်ကောလိပ် တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

Megaraptorans ခေါ် အသားစား ဒိုင်နိုဆောမျိုးရင်းဝင်ဖြစ်သည့် အထက်ပါ ဒိုင်နိုဆောကို Invicti–bellatrix Amberina ဟူ၍ ဗြိတိန်သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။



ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ အဆိုပါဒိုင်နိုဆောများ၏ လက်သည်းများမှာ အရှည် ၁၀ စင်တီမီတာမှ စင်တီမီတာ ၂၀ ထိရှိကြောင်း၊ ဒိုင်နိုဆောများသည် အခြားအသေးစားဒိုင်နိုဆောများ၊ ပုတ်သင်ညိုနွယ်ဝင်များနှင့် နို့တိုက်သတ္တဝါများကို ဖမ်းဆီးစားသောက်ခဲ့ကြကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Invictibellatrix Amberina ဒိုင်နိုဆောများ၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အိုင်းအော့ဖ်ဝိုက်ကျွန်းပေါ်၌ ၁၉၂၄ ခုနှစ်ကပင် ရှာဖွေ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# ပန်းသေပန်းညိုးရောဂါ ဆေးတစ်မျိုးက ကြွက်သားများကို ပြန်လည်မွေးထုတ်နိုင်

**ရောမ အောက်တိုဘာ ၂၀**

ပန်းသေပန်းညှိုး ရောဂါအတွက် အသုံးပြုနေသော ဆေးတစ်မျိုးသည် ကြွက်သားများကို ပြန်လည်မွေးထုတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီတလီနိုင်ငံ ရမ်းဖိုရို အီတလီလီကို တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Tadalafil အမည်ရှိ ပန်းသေပန်းညိုးရောဂါ ဆေးတစ်မျိုးသည် ကြွက်သားတစ်ရှူးများကို ပြန်လည် မွေးထုတ်ပေးနိုင်ပြီး ကြွက်သားများကို ပြန်လည်ပြုပြင်ပေးနိုင်ကြောင်း သိရသည်။

အီတလီသုတေသနပညာရှင်များသည် Tadalafil ဆေး၏ အာနိသင်ကို ဖော်ထုတ်ရေးအတွက် ဓာတ်ခွဲခန်းအတွင်း၌ ကြွက်များဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Tadalafil ဆေးသည် ကြွက်သားအဖြစ် အသွင်ပြောင်းရန် အသင့်ရှိနေကြသည့် ဆဲလ်များအရေအတွက်ကို မြှင့်တင်ပေးပြီး ဆဲလ်သေများ အရေအတွက်ကိုလည်း လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Tadalafil ကုထုံးကို ရေရှည်သုံးစွဲခြင်းဖြင့် ဆဲလ်များပြန့်ပွားဖွံ့ဖြိုးမှုနှင့် ရှင်သန်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ကြောင်း အီတလီ သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Tadalifil ဆေးသည် ပန်းသေပန်းညှိုးရောဂါနှင့် Pulmonary Arterial Hypertension ရောဂါများကို ကုသရေးအတွက် လက်ရှိတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေသော ဆေးတစ်မျိုးဖြစ်သည်။

Ref : Russia Today

Trs : KKO



# အိုရီယွန်းနစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်က အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်ကြား ကာလအတွင်း အထွတ်အထိပ်အဆင့်သို့ ရောက်ရှိမည်ဖြစ်

**ဝါရှင်တန် အောက်တိုဘာ ၂၀**

အိုရီယွန်းနစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်သည် အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်ကြား ကာလအတွင်း အထွတ်အထိပ်အဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သိပ္ပံပညာရှင်များ၏ အဆိုအရ အောက်တိုဘာ ၂၂ ရက်တွင် အိုရီယွန်းနစ်ဥက္ကာမိုးရွာသွန်းမှု ဖြစ်စဉ်ကို အကောင်းဆုံးတွေ့မြင်နိုင်မည်ဖြစ်ပြီး ထိုနေ့တွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ တစ်နာရီလျှင် ဥက္ကာခဲ ၁၀ ခုမှ အခု ၂၀ ထိ ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥက္ကာခဲများသည် ကမ္ဘာ့လေထုလွှာအတွင်းသို့ တစ်နာရီလျှင် မိုင်ပေါင်း ၁၄၇၆၀၀ အမြန်နှုန်းဖြင့် ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အိုရီယွန်းနစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်သည် ဟေလီကြယ်တံခွန်က ချန်ထားရစ်ခဲ့သည့် ကျောက်စ၊ ကျောက်မှုန်တိမ်တိုက်အစုအဝေးများကို ကမ္ဘာဂြိုဟ် တိုးဝင်ဖြတ်သန်းချိန်၌ နှစ်စဉ်ပေါ်ပေါက်လေ့ရှိသော အာကာသဖြစ်စဉ်ဖြစ်ကြောင်း သိရသည်။

ဟေလီကြယ်တံခွန်သည် ၁၉၈၆ ခုနှစ်တွင်နေအဖွဲ့အစည်းအတွင်းပိုင်းကို နောက်ဆုံးတစ်ကြိမ်ဖြတ်ကျော်ခဲ့ဖူးသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အိုရီယွန်းနစ် ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်သည် နှစ်စဉ်အောက်တိုဘာ ၂ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# Onze Mondial မဂ္ဂဇင်း၏ တစ်နှစ်တာအကောင်းဆုံး နည်းပြဆုကို ပီအက်စ်ဂျီအသင်းနည်းပြ အင်းနရစ်ဆွတ်ခူး

ပဲရစ် အောက်တိုဘာ ၂၀

ပြင်သစ်နိုင်ငံ အခြေစိုက် ထိပ်တန်း အားကစားမဂ္ဂဇင်းဖြစ်သည့် Onze Mondial၏ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ တစ်နှစ်တာအကောင်းဆုံးနည်းပြ ဆုကို ပီအက်စ်ဂျီအသင်းနည်းပြ အင်းနရစ်က ဆွတ်ခူးခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

Onze Mondial က ဘောလုံးတစ်ရာသီအတွင်း အကောင်းဆုံး စွမ်းဆောင်နိုင်သည့် နည်းပြများမှ ဆန်ခါတင် စာရင်းထုတ်ပြန်ကာ ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူရွေးချယ် ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပြီး နည်းပြများအတွက် ထင်ရှားသည့် ဆုအမျိုးအစားတစ်ခုဖြစ်သည်။

နည်းပြ အင်းနရစ်သည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းကို အောင်မြင်မှုများရယူပေးခဲ့ပြီး ပြင်သစ်လီဂူးဝမ်းပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဖလားကို နှစ်ရာသီဆက် ဆွတ်ခူးခဲ့ကာ အကောင်းဆုံး စွမ်းဆောင်ခဲ့ပြီးနောက် Onze Mondial၏ တစ်နှစ်တာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နည်းပြအင်းနရစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းနှင့်အတူ အောင်မြင်မှုများရယူခဲ့ပြီးနောက် ၂၀၂၆ ကမ္ဘာ့အကောင်းဆုံး အမျိုးသားနည်းပြဆုအတွက် ဆန်ခါတင်စာရင်းတွင်လည်း ပါဝင်နေသူဖြစ်ကြောင်း သိရသည်။

Ref : The Athletic
Trs : STA



# မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၀)တွင် ရတနာပုံအက်ဖ်စီနှင့် ဒဂုံစတားအသင်းတို့ သရေရလဒ်ထွက်ပေါ်ပြီး စစ်ကိုင်းယူနိုက်တက်အသင်းအနိုင်ရရှိ



ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၀) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရတနာပုံအက်ဖ်စီ အသင်းနှင့် ဒဂုံစတားအသင်းတို့ ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ပြီး စစ်ကိုင်းယူနိုက်တက် အသင်းအနိုင်ရရှိခဲ့ကြောင်းသိရသည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၀)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက တောင်ဒဂုံအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို နှစ်မိနစ်တွင် ရဲရင့်အောင်၊ ပွဲချိန် ၅၆ မိနစ်တွင် မင်းထက်သာတို့က သွင်းယူခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၈၈မိနစ်တွင် ပြည့်ဖြိုးကို၊ ပွဲချိန် မိနစ် ၉၀ပြည့်ပြီး အချိန်ပို ခြောက်မိနစ်တွင် ဇော်ဘိုထွဋ်တို့က သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်းတွင် စစ်ကိုင်းယူနိုက်တက် အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ စစ်ကိုင်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး စစ်ကိုင်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၃၀ တွင် မျိုးသူလွင်၊ ပွဲချိန် ၆၉ မိနစ်တွင် ပိုင်သက်ဦးတို့က သွင်းယူခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၇၄ မိနစ်တွင် ရာဇာအောင်ဟိန်းတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၀) ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၁ ရက်တွင် ချင်းလန်းအက်ဖ်စီအသင်းနှင့် ISPE အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ မြဝတီအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အက်ဖ်စီအသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်းသိရသည်။

STA

# ၂၀၂၆ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အသက် ၁၅ နှစ်အောက် ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော် ကစားရန် မြန်မာအသင်း အောက်တိုဘာ ၂၁ ရက်တွင် အဇာဘိုင်ဂျန်နိုင်ငံသို့ ထွက်ခွာမည်

ရန်ကုန် အောက်တိုဘာ ၂၀

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့တွင် ကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ အသက် ၁၅ နှစ်အောက် ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော် ပြိုင်ပွဲဝင် မြန်မာယူ -၁၅ အသင်းသည် အောက်တိုဘာ ၂၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။

မြန်မာယူ-၁၅အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်ဇော်မျိုးက တာဝန်ယူ ကိုင်တွယ်မည်ဖြစ်ပြီး ကစားသမားစုစုပေါင်း ၁၄ ဦးဖြင့် ဖွဲ့စည်းထားသည်။

၂၀၂၆ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အသက် ၁၅ နှစ်အောက် ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်တွင် ပြိုင်ပွဲဝင်အသင်းတိုင်း စုစုပေါင်း ရှစ်ပွဲစီကစားရမည်ဖြစ်ပြီး ပြိုင်ပွဲ၌ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများမှ ပြိုင်ပွဲဝင်အသင်း ၁၉၀ ကျော် ပါဝင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၂၆ ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်၏ အသက် ၁၅ နှစ်အောက် ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော် ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၄ရက်တွင် ဂူအမ်အသင်း၊ အောက်တိုဘာ ၂၅ ရက်တွင် ဂါနာအသင်း၊ ဘဟားမားစ်အသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ကာဇက်စတန်အသင်း၊ ဥဇဘက်ကစ္စတန် အသင်းတို့နှင့် ကစားရမည် ဖြစ်ကြောင်း သိရသည်။

STA

# Ningbo Open အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ၁၆ ဦးရှုံးထွက်အဆင့်ကို ရုရှားတင်းနစ်မယ် ရှနိုင်ဒါ တက်ရောက်

ပေကျင်း အောက်တိုဘာ ၂၀

တရုတ်နိုင်ငံတွင် ကျင်းပနေသည့် Ningbo Open အမျိုးသမီး တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ၃၂ ဦး ရှုံးထွက်အဆင့် ပွဲစဉ်အဖြစ် ယနေ့တွင် ရုရှားတင်းနစ်မယ် ရှနိုင်ဒါနှင့် ကာဇက်စတန်တင်းနစ်မယ် ပူတီနစ်ဆီဗာတို့ ကစားခဲ့ရာ ရှနိုင်ဒါက နှစ်ပွဲပြတ်ဖြင့်အနိုင်ရပြီး ၁၆ ဦး ရှုံးထွက်အဆင့်တက်ရောက်ခဲ့ကြောင်း WTA သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ် ပထမပွဲငယ်တွင် ရှနိုင်ဒါက (၇-၅)ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယပွဲငယ်တွင်လည်း (၇-၆)ရလဒ်ဖြင့် ထပ်မံအနိုင်ရပြီးနောက် ၁၆ ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ရှနိုင်ဒါသည် Ningbo Open အမျိုးသမီး တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေ အဆင့်(၆) သတ်မှတ်ခံထားရသူဖြစ်ပြီး ၁၆ ဦး ရှုံးထွက်အဆင့် ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၂ ရက်တွင် ဖိလစ်ပိုင် ထိပ်တန်းတင်းနစ်မယ် အဲလက်စ်အီလာနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေအဆင့်(၁) အဖြစ် သတ်မှတ်ခံထားရသည့် လက်ရှိ ကမ္ဘာ့အဆင့်(၁) ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာသည်လည်း ပါဝင်ယှဉ်ပြိုင်နေပြီး ၁၆ ဦး ရှုံးထွက်အဆင့်တွင် ဥဇဘက်ကစ္စတန်တင်းနစ်မယ် ကူဒါမီတိုဗာနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : WTA
Trs : STA

# ရီးရဲလ်မက်ဒရစ်အသင်းတွင် စပိန်လာလီဂါပြိုင်ပွဲ၌ တစ်ပွဲတည်း သွင်းဂိုးနှင့် ဂိုးဖန်တီးမှုလုပ်ဆောင်နိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် ဒီယိုမန်ဒီရပ်တည်

မက်ဒရစ် အောက်တိုဘာ ၂၀

ရီးရဲလ်မက်ဒရစ် အသင်း လူငယ်တိုက်စစ် ကစားသမား ဒီယိုမန်ဒီသည် စပိန်လာလီဂါ ပြိုင်ပွဲတွင် တစ်ပွဲတည်းသွင်းဂိုးနှင့် ဂိုးဖန်တီးမှုလုပ်ဆောင်နိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



ရီးရဲလ်မက်ဒရစ် အသင်းက ဆီဗီလာအသင်းကို အောက်တိုဘာ ၁၉ ရက်က လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဒီယိုမန်ဒီသည် ပွဲချိန် ၈၂ မိနစ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူခဲ့သည့်အပြင် ပွဲချိန် မိနစ် ၃၀ တွင် အသင်းဖော် အာဒါဂူလာ၏ သွင်းဂိုးကိုလည်း ဂိုးဖန်တီးမှု လုပ်ဆောင်ခဲ့ပြီးနောက် ရီးရဲလ်မက်ရစ်အသင်းတွင် စပိန်လာလီဂါပြိုင်ပွဲ၌ တစ်ပွဲတည်း သွင်းဂိုးနှင့် ဂိုးဖန်တီးမှုလုပ်ဆောင်နိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ဒီယိုမန်ဒီမတိုင်မီက ရီးရဲလ်မက်ဒရစ်အသင်းတွင် စပိန်လာလီဂါပြိုင်ပွဲ၌ တစ်ပွဲတည်း သွင်းဂိုးနှင့် ဂိုးဖန်တီးမှုလုပ်ဆောင်ခဲ့သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် ဘယ်လင်ဟမ်က အသက် ၂၀ နှစ် ၅၁ ရက်ဖြင့် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ဒီယိုမန်ဒီက ဆီဗီလာအသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် အသက် ၁၉ နှစ် ၃၃၈ ရက်ဖြင့် ရီးရဲလ်မက်ဒရစ် အသင်းတွင် စပိန်လာလီဂါပြိုင်ပွဲ၌ တစ်ပွဲတည်း သွင်းဂိုးနှင့် ဂိုးဖန်တီးမှု လုပ်ဆောင်နိုင်သည့် အသက်အငယ်ဆုံး ကစားသမား ဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : The Athletic
Trs : STA

# ပဲပုပ်စိုက်ပျိုးရေးမှသည် ကျေးလက်စီးပွားမြင့်မားရေးသို့

ဉာဏ်မြင့်(နည်း/သု)

**ပဲပုပ်သီးနှံ၏ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ**

ပဲပုပ်ဟာ ကမ္ဘာပေါ်မှာ ပရိုတင်းနဲ့ အဆီဓာတ်အကြွယ်ဝဆုံးသီးနှံတွေထဲက တစ်ခုဖြစ်ပါတယ်။ ပြည်တွင်းစိုက်ပျိုးရေးကဏ္ဍမှာလဲ အစားအစာဖူလုံရေးအတွက်တင်မဟုတ်ဘဲ မွေးမြူရေးအစာနဲ့ စက်မှုကုန်ကြမ်းအတွက်ပါ မရှိမဖြစ်လိုအပ်တဲ့ သီးနှံဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာ ပြည်တွင်းလိုအပ်ချက်ကို အပြည့်အဝမဖြည့်ဆည်းနိုင်သေးဘဲ နှစ်စဉ် မက်ထရစ်တန်ပေါင်းများစွာကို ပြည်ပကနေ တင်သွင်းနေရဆဲဖြစ်ပါတယ်။ ဒါကြောင့် ပဲပုပ်စိုက်ပျိုးမှုကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရင် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မဲ့အပြင် သီးနှံစိုက်ပျိုးသူတောင်သူတွေရဲ့ စီးပွားရေးကိုလဲ ပိုပြီးခိုင်မာလာစေမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ပဲပုပ်ကို ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့မှာ အများဆုံးစိုက်ပျိုးထုတ်လုပ်နေကြပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ပဲပုပ်စိုက်ဧက ၁၄၀၀၀၀ ကျော်စိုက်ပျိုးလျက်ရှိပါတယ်။ ပဲပုပ်ရဲ့ တစ်ဧကပျမ်းမျှအထွက်နှုန်းဟာ ၁၅ တင်းကနေ တင်း ၂၀ အတွင်းရှိနေတာကြောင့် ခေတ်မီနည်းပညာတွေ အသုံးပြုစိုက်ပျိုးဖို့ လိုအပ်ပါတယ်။

လက်ရှိအချိန်မှာ မြန်မာနိုင်ငံရဲ့ မွေးမြူရေးကဏ္ဍဟာ လျင်မြန်စွာ တိုးတက်လာနေပြီး ကြက်၊ ဝက်နဲ့ ငါးမွေးမြူရေးအတွက် မွေးမြူရေးအစာလိုအပ်ချက်ကလဲ တစ်နှစ်ထက်တစ်နှစ် မြင့်မား လာနေပါတယ်။ မွေးမြူရေးအစာ ထုတ်လုပ်ရာမှာ ပဲဖတ် (Soybean meal) ဟာ အဓိက ပရိုတင်းဓာတ်အရင်းအမြစ်ဖြစ်တာကြောင့် နှစ်စဉ် ပဲဖတ်မက်ထရစ်တန် နှစ်သိန်းခွဲကျော်ကို ပြည်ပကနေ မှာယူနေရပါတယ်။ ဒ့ါပြင် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ပဲပုပ်ဆီထုတ်လုပ်မှုကို ပိုမိုမြှင့်တင်ဖို့ လိုအပ်ပါတယ်။ ပြည်တွင်းမှာ ပဲပုပ်ကိုပိုမိုထုတ်လုပ်နိုင်ရင် မွေးမြူရေးအစာနဲ့ စားသုံးဆီ လိုအပ်ချက်နှစ်ခုလုံးကို တစ်ပြိုင်နက်တည်း ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

**နိုင်ငံတကာဈေးကွက်အခြေအနေနှင့် စီးပွားရေးသက်ရောက်မှုများ**

ကမ္ဘာ့ပဲပုပ်ဈေးကွက် အခြေအနေကိုကြည့်မယ်ဆိုရင် ဘရာဇီး၊ အမေရိကန်နဲ့ အာဂျင်တီးနားနိုင်ငံတို့ဟာ ကမ္ဘာ့အဓိကပဲပုပ်စိုက်ပျိုးတဲ့ နိုင်ငံကြီးတွေဖြစ်ပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)ရဲ့ အစီရင်ခံစာတွေအရ ကမ္ဘာ့ပဲပုပ်ထုတ်လုပ်မှုဟာ နှစ်စဉ် မက်ထရစ်တန် သန်း ၃၈၀ ကျော်ထိ ရှိနေတာကို တွေ့ရပါတယ်။ အာရှဒေသမှာ တရုတ်နိုင်ငံဟာ ပဲပုပ်ကို အများဆုံးဝယ်ယူတင်သွင်းနေတဲ့နိုင်ငံဖြစ်ပြီး တစ်နှစ်ကို တန်ချိန် သန်း ၁၀၀ ခန့်တင်သွင်းနေရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်းတရုတ်နိုင်ငံရဲ့ ဈေးကွက်ကြီးနဲ့နီးကပ်စွာရှိနေတာဟာ ပဲပုပ်တင်ပို့နိုင်ဖို့အတွက် ကြီးမားတဲ့ အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်။

တရုတ်နိုင်ငံအပြင် ထိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ကလဲ ပဲပုပ်နဲ့ ပဲပုပ်ထွက်ကုန်တွေကို ပမာဏများစွာ ဝယ်ယူချင်တဲ့ စီးပွားရေးဈေးကွက်တွေအဖြစ် ရှိနေကြပါတယ်။ ဒါပေမဲ့ နိုင်ငံတကာဈေးကွက်ကို ယှဉ်ပြိုင် တင်ပို့နိုင်ဖို့အတွက် ပဲပုပ်ရဲ့အရည်အသွေးနဲ့ အရွယ်အစားမှန်ကန်ဖို့ အထူးလိုအပ်ပါတယ်။ ဒ့ါပြင် ပိုးမွှားနဲ့ဓာတုကင်းစင်ဖို့ စံချိန်စံညွှန်းတွေကို မပျက်မကွက် လိုက်နာဆောင်ရွက်နိုင်မှသာ လုံလောက်တဲ့ အခွင့်အလမ်းရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် တောင်သူတွေအနေနဲ့ အရည်အသွေးမီ ပဲပုပ်တွေထုတ်လုပ်နိုင်ဖို့အတွက် စိုက်ပျိုးစနစ်တွေကို အဆင့်မြှင့်တင်ဖို့ လိုအပ်ပါတယ်။

ပဲပုပ်စိုက်ပျိုးရေးကဏ္ဍမြှင့်တင်တာဟာ နိုင်ငံတော်ရဲ့ စီးပွားရေးမောင်းနှင်အားကို များစွာအထောက်အကူပြုနိုင်တဲ့ မဟာဗျူဟာမြောက်လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ပြည်တွင်းမှာ ပဲပုပ်ကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရင် နှစ်စဉ် ပြည်ပကနေ ပဲဖတ်တင်သွင်းနေရတဲ့ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ကို သက်သာစေမှာဖြစ်ပါတယ်။ ပြည်ပက တင်သွင်းမှုကို လျှော့ချနိုင်ခြင်းအားဖြင့် နိုင်ငံခြားသုံး ငွေသုံးစွဲမှုကို ထိန်းချုပ်နိုင်ပြီး ကုန်သွယ်ရေးလိုငွေကိုလဲ လျှော့ချပေးနိုင်မှာဖြစ်ပါတယ်။ ဒ့ါပြင် ပြည်တွင်းမှာ ပဲပုပ်အခြေပြုစက်ရုံများနှင့် မွေးမြူရေး အစာစက်ရုံများ ပိုမိုဖွံ့ဖြိုးလာပြီး စီးပွားရေးတိုးတက်မှုကို အရှိန်အဟုန်မြှင့်ပေးနိုင်ပါတယ်။

**တောင်သူများ၏လူမှုစီးပွားဘဝနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး**

ပဲပုပ်ထုတ်လုပ်မှု ကွင်းဆက် တိုးတက်လာတာဟာ ကျေးလက်နဲ့ မြို့နယ်အဆင့်တွေမှာ အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်ပါတယ်။ စိုက်ပျိုးရေးလုပ်သားတွေကနေ သီးနှံသယ်ယူပို့ဆောင်သူတွေ၊ သန့်စင်စက်ရုံလုပ်သားတွေနဲ့ အစာစက်ရုံဝန်ထမ်းတွေထိ အလုပ်အကိုင်တွေ တိုးပွားလာမှာဖြစ်ပါတယ်။ အထူးသဖြင့် အမျိုးသမီးလုပ်သားတွေအတွက် စိုက်ပျိုးရေးနဲ့ပြုပြင်မွမ်းမံရေးကဏ္ဍတွေမှာ ဝင်ငွေရရှိမဲ့အခွင့်အလမ်းတွေပိုမိုပွင့်လန်းလာစေပါတယ်။ ဒီလိုနဲ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများပါ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာနိုင်ပါတယ်။



ပဲပုပ်ဟာ အခြားသီးနှံများနဲ့နှိုင်းယှဉ်ရင် စိုက်ပျိုးစရိတ်သက်သာပြီး ဈေးကွက်ခိုင်မာမှုရှိတာကြောင့် တောင်သူတွေအတွက် အကျိုးပြုသီးနှံဖြစ်ပါတယ်။ သီးထပ်အဖြစ် သီးနှံပုံစံပြောင်းစိုက်ပျိုးနိုင်တာကြောင့် တောင်သူတွေအနေနဲ့ တစ်နှစ်ကို နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ထိ ဝင်ငွေရရှိနိုင်ပါတယ်။ ပဲပုပ်ကရရှိတဲ့ အမြတ်ငွေဟာ တောင်သူမိသားစုတွေရဲ့ လူနေမှုအဆင့်အတန်းကို တိုက်ရိုက် မြှင့်တင်ပေးနိုင်တာကို တွေ့ရပါတယ်။ သားသမီးတွေရဲ့ ပညာရေးနဲ့ကျန်းမာရေးအတွက် ပိုမိုသုံးစွဲနိုင်လာတာကြောင့် ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝများကို မြင့်မားတိုးတက်လာစေမှာဖြစ်ပါတယ်။

ပဲမျိုးရင်းဝင်သီးနှံဖြစ်တာကြောင့် သူရဲ့အမြစ်ဥတွေမှာ လေထဲက နိုက်ထရိုဂျင်ဓာတ်ကို ဖမ်းယူပေးနိုင်တဲ့ ရိုက်ဇိုဘီယမ်ဘက်တီးရီးယားများ ပါဝင်ပါတယ်။ ဒါကြောင့် ပဲပုပ်စိုက်ပျိုးပြီးရင် မြေဆီလွှာမှာ နိုက်ထရိုဂျင်ဓာတ် သဘာဝအတိုင်းတိုးပွားလာပြီး မြေဆီလွှာ အဆီအနှစ် ပိုမိုကောင်းမွန်လာပါတယ်။ နောက်ထပ်စိုက်ပျိုးမဲ့ သီးနှံတွေအတွက် ဓာတ်မြေဩဇာသုံးစွဲရမှု နည်းပါးသွားတာကြောင့် စိုက်ပျိုးစရိတ်ကို ထက်ဝက်နီးပါး လျှော့ချပေးနိုင်ပါတယ်။ သဘာဝမြေဆီလွှာကို ရေရှည်ထိန်းသိမ်းနိုင်တာဟာ တောင်သူတွေအတွက် သဘာဝကပေးတဲ့အဖိုးတန်ဆုလာဘ်တစ်ခုဖြစ်ပါတယ်။

ကျေးလက်ဒေသတွေမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကိုတွဲဖက်လုပ်ကိုင်ကြတာကြောင့် ပဲပုပ်ဟာ မရှိမဖြစ်လိုအပ်တဲ့အစာပင်ဖြစ်လာပါတယ်။ ပဲပုပ်ပင် အကြွင်းအကျန်တွေနဲ့ စက်ရုံကထွက်တဲ့ ပဲဖတ်များကို ဝက်၊ ကြက်နဲ့ နွားတွေအတွက် ပရိုတင်းဓာတ်မြင့်အစာအဖြစ် ပြန်လည်အသုံးပြုနိုင်ပါတယ်။ မိမိတို့စိုက်ပျိုးထားတဲ့ပဲပုပ်က မွေးမြူရေးအစာရရှိတာကြောင့် မွေးမြူရေးစရိတ်ကိုသက်သာစေပြီး အသားနဲ့ နို့ထွက်နှုန်းကို ပိုမိုကောင်းမွန်စေပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးဓာတ်ပြုပေါင်းစပ်မှုဟာ ကျေးလက်စီးပွားရေးရဲ့ ခိုင်မာတဲ့အုတ်မြစ်တစ်ခုဖြစ်ပါတယ်။

**အနာဂတ်အလားအလာ နည်းပညာနှင့် ရေရှည်ဖွံ့ဖြိုးရေး**

အနာဂတ်စိုက်ပျိုးရေးကဏ္ဍမှာ ပြောင်းလဲလာတဲ့ ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိတဲ့ ပဲပုပ်မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးဟာ အလွန်အရေးကြီးပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ဝေထားတဲ့ ရာသီဥတုဒဏ်ခံသီးနှံမျိုးများကို အသုံးပြုခြင်းဖြင့် အထွက်နှုန်းလျော့ကျမှုကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။သက်တမ်းတိုပြီး အထွက်ကောင်းတဲ့မျိုးများကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ရေရှားပါးတဲ့ဒေသတွေမှာ အောင်မြင်စွာစိုက်ပျိုးနိုင်ပါတယ်။ ဒါကြောင့် တောင်သူတွေအနေနဲ့ ဒေသနဲ့ကိုက်ညီတဲ့ စံပြမျိုးသန့်တွေကို စနစ်တကျရွေးချယ်စိုက်ပျိုးကြဖို့ လိုအပ်ပါတယ်။

အနာဂတ် ပဲပုပ်စိုက်ပျိုးရေးမှာ အထွက်နှုန်းတိုးတက်စေဖို့အတွက် ခေတ်မီနည်းပညာများကို ပိုမိုအသုံးပြုလာကြတော့မှာ ဖြစ်ပါတယ်။ စိုက်ပျိုးစက်တွေ၊ ရိတ်သိမ်းစက်တွေနဲ့ စက်မှုလယ်ယာစနစ်ကို ကောင်းမွန်စွာကျင့်သုံးနိုင်ရင် လေလွင့်ပြုန်းတီးမှုကို အထူးလျှော့ချနိုင်မှာဖြစ်ပါတယ်။ နည်းပညာသုံးစိုက်ပျိုးရေးစနစ်ဟာ ပဲပုပ်အထွက်နှုန်းကို ယခုထက် နှစ်ဆနီးပါး တိုးတက်လာစေမှာဖြစ်ပါတယ်။

တောင်သူတွေအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ပိုမိုရရှိနိုင်အောင် စိုက်ပျိုးရေးဘဏ်များနဲ့ ပုဂ္ဂလိကဘဏ်များကလဲ ပူးပေါင်းဆောင်ရွက်လာနေပါတယ်။ စိုက်ပျိုးသူတောင်သူတွေနဲ့ ကုန်သည်၊ စက်ရုံပိုင်ရှင်များ တိုက်ရိုက်ချိတ်ဆက်တဲ့ Contract Farming စနစ်များလဲပေါ်ပေါက်လာနေပါတယ်။ ဒါကြောင့် တောင်သူတွေအနေနဲ့ သီးနှံမစိုက်ပျိုးမီကပင် အာမခံဈေးကွက်ရရှိနိုင်မဲ့အခွင့်အလမ်းများ ပိုမိုများပြားလာတော့မှာဖြစ်ပါတယ်။ ဒီလိုဘဏ္ဍာရေးနဲ့ ဈေးကွက်ချိတ်ဆက်မှုတွေဟာ အနာဂတ် ပဲပုပ်စိုက်ပျိုးရေးကို ပိုမိုခိုင်မာစေပါတယ်။

ပဲပုပ်ကို ကုန်ကြမ်းအတိုင်းရောင်းချတာထက် တန်ဖိုးမြှင့်ကုန်ချောများအဖြစ် အဆင့်မြှင့်ထုတ်လုပ်ခြင်းဖြင့် စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်နိုင်ပါတယ်။ ပဲနို့၊ တိုဟူး၊ ပဲပုပ်ဆီနဲ့ ပဲပုပ်အခြေပြု အစားအသောက်များကို ပြည်တွင်းမှာအဆင့်မီထုပ်ပိုးထုတ်လုပ်နိုင်ရင် ပိုမိုအကျိုးအမြတ်ရရှိနိုင်ပါတယ်။ ဒ့ါပြင် ကမ္ဘာ့ဈေးကွက်မှာ လူကြိုက်များလာတဲ့သဘာဝအခြေပြု အော်ဂဲနစ်ပဲပုပ်ထုတ်ကုန်များကိုပါ တိုးချဲ့ထုတ်လုပ်ဖို့ အလားအလာများစွာရှိနေပါတယ်။ တန်ဖိုးမြှင့်ထုတ်ကုန်များ အကောင်အထည်ဖော်တာဟာ နိုင်ငံရဲ့စက်မှုကဏ္ဍကိုလဲ အရှိန်အဟုန်နဲ့ တိုးတက်စေမှာဖြစ်ပါတယ်။

အစိုးရနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ ပဲပုပ်စိုက်ပျိုးရေးတိုးတက်စေဖို့အတွက် မူဝါဒပိုင်းဆိုင်ရာပံ့ပိုးမှုများကို စနစ်တကျဆောင်ရွက်ပေးလျက်ရှိပါတယ်။ မျိုးသန့်ရရှိရေး၊ နည်းပညာပံ့ပိုးပေးရေးနဲ့ အပင်ကာကွယ်ရေးသင်တန်းတွေကို ဒေသအသီးသီးမှာ ပုံမှန်ပို့ချပေးလျက်ရှိနေပါတယ်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေနဲ့လဲ အထွက်နှုန်းကောင်းပြီး အရည်အသွေးမီသီးနှံမျိုးသန့်များကို စိုက်ပျိုးသူများထံ စဉ်ဆက်မပြတ် ဖြန့်ဝေပေးနေပါတယ်။

တောင်သူတစ်ဦးချင်းစီ စိုက်ပျိုးတာထက် စိုက်ပျိုးသူအစုအဖွဲ့များ သို့မဟုတ် သမဝါယမအသင်းများဖွဲ့စည်းစိုက်ပျိုးတာက ပိုပြီးထိရောက်မှုရှိပါတယ်။ အစုအဖွဲ့နဲ့ဆောင်ရွက်ရင် သွင်းအားစုများကို ဈေးနှုန်းသက်သာစွာပေါင်းစပ်ဝယ်ယူနိုင်ပြီး ထုတ်လုပ်မှုစရိတ်ကိုသက်သာစေပါတယ်။ ဒ့ါပြင် သီးနှံများကို ပမာဏအမြောက်အမြား စုစည်းရောင်းချနိုင်တာကြောင့် ရောင်းဈေးဆွေးနွေးရာမှာ ပိုပြီးအားသာချက်ရရှိနိုင်ပါတယ်။ ဒီလိုအစုအဖွဲ့စနစ်ဟာ ကျေးလက်စီးပွားရေးအခြေခံအဆောက်အအုံကို ပိုမိုခိုင်မာစေမှာဖြစ်ပါတယ်။

ပဲပုပ်စိုက်ပျိုးရာမှာ ကြုံတွေ့ရတဲ့ ရာသီဥတုဖောက်ပြန်မှုနဲ့ ပိုးမွှားကျရောက်မှု စတဲ့စိန်ခေါ်မှုများကို စနစ်တကျကျော်လွှားဖို့ လိုအပ်ပါတယ်။ သီးနှံအာမခံစနစ် (Crop Insurance) များကို အနာဂတ်မှာ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နိုင်ရင် တောင်သူတွေရဲ့ ဆုံးရှုံးနိုင်ခြေများကို လျှော့ချပေးနိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များကို မိုဘိုင်းဖုန်းအက်ပလီကေးရှင်းများမှတစ်ဆင့် တောင်သူများထံ အချိန်နဲ့တစ်ပြေးညီ ပေးပို့နိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

ပဲပုပ်စိုက်ပျိုးရေးဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရေရှည်တည်တံ့သောစိုက်ပျိုးရေး (Sustainable Agriculture) အတွက် အလွန်သင့်တော်တဲ့သီးနှံဖြစ်ပါတယ်။ သဘာဝမြေဩဇာ အသုံးပြုမှုကိုအားပေးပြီး ဓာတုဗေဒလွန်ကဲစွာသုံးစွဲမှုကို လျှော့ချပေးနိုင်တာကြောင့် မြေထုနဲ့ရေထုကို ထိန်းသိမ်းပေးပါတယ်။ ဒ့ါပြင် ရာသီဥတုပြောင်းလဲမှုကို တွန်းလှန်နိုင်တဲ့ သီးနှံအဖြစ် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကိုလည်း ပေးစွမ်းနိုင်ပါတယ်။ ရေရှည်တည်တံ့သောစိုက်ပျိုးရေး စနစ်ကိုကျင့်သုံးခြင်းဖြင့် နောင်အနာဂတ်မျိုးဆက်များအတွက်ပါ ကောင်းမွန်တဲ့မြေဆီလွှာကို လက်ဆင့်ကမ်းနိုင်မှာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ပဲပုပ်စိုက်ပျိုးရေးဟာ မြန်မာနိုင်ငံရဲ့ကျေးလက်လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်တဲ့ အဓိကသော့ချက်တစ်ခုဖြစ်ပါတယ်။ ပြည်တွင်းဆီနဲ့ မွေးမြူရေးအစာဖူလုံရုံမျှမက ပြည်ပသို့တင်ပို့ပြီး နိုင်ငံတော်ရဲ့စီးပွားရေးကိုပါ မောင်းနှင်ပေးနိုင်တဲ့သီးနှံဖြစ်ပါတယ်။ ဒါကြောင့် တောင်သူတွေ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အစိုးရဌာနများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပြီး အားလုံးဝိုင်းဝန်းကြိုးပမ်းကြမယ်ဆိုရင် ပဲပုပ်စိုက်ပျိုးရေးမှသည် ကျေးလက်စီးပွားမြင့်မားရေးသို့ ရောက်ရှိနိုင်မှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**ကိုးကား**


- Food and Agriculture Organization of the United Nations (FAO), Global Soybean Production and Trade Market Analysis Reports.

# ပဲခူးမြို့နယ်ရှိ ရွှေမော်ဓောစေတီတော်၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ပွဲတော်နှင့် ဈေးရောင်းပွဲတော်တို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



ယခင်နှစ်က ရွှေမော်ဓောစေတီတော် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ပွဲကို တွေ့ရစဉ်။

**ပဲခူး အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေမော်ဓောစေတီတော်၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ပွဲတော်နှင့် ဈေးရောင်းပွဲတော်တို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေမော်ဓောစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးတင်ဦးထံမှ သိရသည်။

ရွှေမော်ဓောစေတီတော်တွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ပွဲတော်ကို အောက်တိုဘာ ၂၀ ရက် (သီတင်းကျွတ်လဆန်း ၉ ရက်) မှစတင်ပြီး အောက်တိုဘာ ၂၉ ရက် (သီတင်းကျွတ်လပြည့်ကျော် ၃ ရက်)ထိ ၁၀ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ပဲခူးမြို့ ရွှေမော်ဓောစေတီတော် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ပွဲကိုလဲ အစဉ်အလာမပျက် သီတင်းကျွတ်လပြည့်နေ့ညပိုင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ အလားတူ ပဲခူးမြို့ရဲ့သီတင်းကျွတ်မီးထွန်းပွဲတော်နဲ့ ဈေးရောင်းပွဲတော်ကိုလဲ တစ်ဆက်တည်း ကျင်းပမှာဖြစ်ပြီး သီတင်းကျွတ်မီးထွန်းပွဲတော်နဲ့ ဈေးရောင်းပွဲတော်ကိုတော့ ပဲခူးမြို့ ရွှေမော်ဓောစေတီတော် အနောက်ဘက်မုခ် ဘုရားလမ်း တစ်လျှောက်မှာ မီးရောင်စုံတွေ ထွန်းညှိပြီးတော့ ကျင်းပမှာဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာဧည့်သည်တွေကို ဒေသထွက်ကုန်တွေ မိတ်ဆက် ရောင်းချပေးမှာဖြစ်ပြီး ဧည့်ခံဖျော်ဖြေရေး အစီအစဉ် အနေနဲ့ ဆက်ကပ်၊ အငြိမ့်ပွဲတွေလဲ ထည့်သွင်းဖျော်ဖြေပေးမှာ ဖြစ်ပါတယ်။ စေတနာရှင်၊ အလှူရှင်တွေရဲ့ စတုဒိသာကျွေးမွေးတဲ့ အစီအစဉ်တွေလဲ ရှိနေမှာဖြစ်ပါတယ်"ဟု ဂေါပကအဖွဲ့ဝင် ဦးတင်ဦးထံမှ သိရသည်။ ASH

# နှင်းပွင့်စေရာ ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလစတုတ္ထပတ်တွင် ShowLike Application က ထုတ်လွှင့်ပြသသွားမည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၂၀**

မေခရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် နှင်းပွင့်စေရာ ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလ စတုတ္ထပတ်တွင် ShowLike Application က ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း ဒါရိုက်တာ JZ ဒေါင်လွှဏ်းထံမှ သိရသည်။

နှင်းပွင့်စေရာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို JZ ဒေါင်လွှဏ်းက ရေးသားပြီး ဇာတ်ညွှန်းကို ဒီရေလှိုင်းနှင့် မယ်ခိုင်တို့က ရေးညွှန်းကာ မေခရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ JZ ဒေါင်လွှဏ်းက တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားကတော့ မြန်မာနိုင်ငံရဲ့ အလှအပဆုံးနေရာ တစ်နေရာဖြစ်ပြီး အာဆီယံရဲ့ ဆွစ်ဇာလန်လို့ တင်စားရတဲ့ ကချင်ပြည်နယ် ပူတာအိုမြို့ ရေခဲတောင်ဒေသရဲ့ အလှအပတွေကို ဇာတ်အိမ်တည်ထားတဲ့ ဇာတ်ကားတစ်ကားပဲဖြစ်ပါတယ်။ နှင်း တွေဖုံးနေတဲ့ ရေခဲတောင်ဒေသရဲ့ အလှအပဆုံးရှုခင်းတွေကို မှတ်တမ်းတင်ရင်း ပြိုင်ပွဲဝင်ဓာတ်ပုံတွေ ရိုက်ကူးဖို့ရောက်လာကြတဲ့ ဓာတ်ပုံဆရာတစ်သိုက်ကို ရေခဲတောင်ဒေသရဲ့ ဒေသခံလမ်းပြတစ်ယောက်က လမ်းပြခေါ်ဆောင်လာခဲ့ပါတယ်။ ဒီခရီးစဉ်မှာ သူတို့တစ်သိုက် ရေခဲတောင်ပေါ်က နှင်းပွင့်တွေကြားထဲမှာ လိုရာခရီးကို အန္တရာယ်ကင်းစွာရောက်ရှိသွားမှာလား၊ မာယာများလှတဲ့ ရေခဲတောင်ပေါ်မှာ လမ်းပျောက်သွားလေမလား ဆိုတာကတော့ ShowLike Application က ထုတ်လွှင့်ပြသတဲ့အခါ ရှုစားပေးကြပါအုံး"ဟု ဒါရိုက်တာ JZ ဒေါင်လွှဏ်းက ပြောပြသည်။




နှင်းပွင့်စေရာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ JZ ဒေါင်လွှဏ်း၊ ငြိမ်းသော်၊ ယုန်လေး၊ Kညီ၊ သင်ဇာဝင့်ကျော်၊ Lဘောက်နူး နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# လေးမျက်နှာမြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ် ရေဘေးသင့်ပြည်သူများ စိတ်ခွန်အားပြန်လည်မြှင့်တင်နိုင်ရေး ဖိုးချစ်ဇာတ်သဘင် ကပြဖျော်ဖြေမည်

**လေးမျက်နှာ အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ခဲ့သည့် လေးမျက်နှာမြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်တို့တွင် ရေဘေးသင့်ပြည်သူများ၏ စိတ်ခွန်အား ပြန်လည်မြှင့်တင်နိုင်ရေးအတွက် နိုဝင်ဘာ ၁ ရက်မှ ၄ ရက်ထိ ဖိုးချစ်ဇာတ်သဘင် ကပြဖျော်ဖြေမည် ဖြစ်ကြောင်း ဇာတ်မင်းသား ဖိုးချစ်က ပြောပြ၍ သိရသည်။

မြို့ရွှေမန်းသားဖိုးချစ် ဇာတ်အလှသဘင်ဖျော်ဖြေပွဲကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့စီစဉ်မှုဖြင့်ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာ ၁ ရက်မှ ၄ ရက်ထိ လေးညတိုင်တိုင် ကျင်းပမည်ဖြစ်ကာ ဒေသခံပြည်သူများအနေဖြင့် လာရောက်ကြည့်ရှု အားပေးနိုင်သည်ဟု ကြေညာထားကြောင်း သိရသည်။

"လေးမျက်နှာမြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ သံသရာငြိမ်းအေး စတုမုခဇေယျသိဒ္ဓိ စေတီတော် မြတ်ဘုရားဝင်းအတွင်း နိုဝင်ဘာ ၁ ရက်ကနေ ၂ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး ငါးသိုင်းချောင်းမြို့ ဘောလုံးကွင်းမှာတော့ နိုဝင်ဘာ ၃ ရက်နဲ့ ၄ ရက်မှာ ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ဇာတ်မင်းသား ဖိုးချစ်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဇူလိုင်လနှောင်းပိုင်းက မိုးသည်းထန်စွာရွာသွန်းမှု၊ မြစ်ရေမြင့်တက်မှုနှင့် တမံနိမ့်ကျမှုများ ဖြစ်ပွားခဲ့ကာ ရေကျော်စီးဝင်မှုကြောင့် ရပ်ကွက်နှင့် ကျေးရွာများအတွင်း ရေဝင်ရောက်ခဲ့ကာ အဆိုပါ ရေဝင်ရောက်မှုကြောင့် ဒေသခံပြည်သူများသည် ရေလွတ်ရာနေရာများနှင့် ကယ်ဆယ်ရေးစခန်းများသို့ နှစ်လခန့်ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီး ယခုအခါ နေအိမ်များသို့ ပြန်လည်နေထိုင်ကြပြီဖြစ်ကြောင်း သိရသည်။ ASH

# The Maid of Orleans ဇာတ်ကား၌ မင်းသမီး ရိုန်းစပင်ဆာ ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၂၀**

The Maid of Orleans ဇာတ်ကား၌ မင်းသမီး ရိုန်းစပင်ဆာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၉ ရက် သတင်းများအရ သိရသည်။

မင်းသမီး ရိုန်းစပင်ဆာသည် The Maid of Orleans ဇာတ်ကားတွင် မင်းသမီး မော်ဒီအပါတိုး၊ မင်းသား မိုက်ဖိတ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ပါရမီရှင် ဒါရိုက်တာတစ်ဦး၏ Joan of Arc ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကိုကူညီရန် ပဲရစ်မြို့တော်သို့ရောက်ရှိသွားသော အမျိုးသမီးငယ်တစ်ဦး၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Maid of Orleans ဇာတ်ကားကို အမျိုးသမီးစာရေးဆရာမ ဒါရိုက်တာ ဆာရာအဲလစ်ဇဘတ်မင့်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် The Maid of Orleans ဇာတ်ကားကို ပဲရစ်မြို့တော်၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ဆာရာအဲလစ်ဇဘတ်မင့်နှင့် မင်းသမီး ရိုန်းစပင်ဆာတို့သည် Good Jane ဇာတ်ကားအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Cyberpunk 2077 ဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် Paramount ရိုက်ကူးမည်

**နယူးယောက် အောက်တိုဘာ ၂၀**

Paramount ရုပ်ရှင်ကုမ္ပဏီသည် Cyberpunk 2077 ဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြောင်းလဲရိုက်ကူးရန် စီစဉ်ထားကြောင်း အောက်တိုဘာ ၁၉ ရက် သတင်းများအရ သိရသည်။

Cyberpunk 2077 ဗီဒီယိုဂိမ်းသည် ပိုလန်နိုင်ငံ ဗီဒီယိုဂိမ်းဖန်တီးထုတ်လုပ်ရေးကုမ္ပဏီ စီဒီပရိုဂျက်ရက်၏ ရောင်းအားအကောင်းဆုံး ဗီဒီယိုဂိမ်းဖြစ်သည်။

Cyberpunk 2077 ဗီဒီယိုဂိမ်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ စီဒီချပ်ရေပေါင်း သန်း ၄၀ ကျော်ထိ ရောင်းချနိုင်ခဲ့သော ဗီဒီယိုဂိမ်းဖြစ်သည်။

လက်ရှိတွင် Cyberpunk 2077 ဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် တာဝန်ယူရိုက်ကူးရေးအတွက် ဒါရိုက်တာကို Paramount ရုပ်ရှင်ကုမ္ပဏီက ရှာဖွေနေဆဲဖြစ်သည်။

ထို့ပြင် Cyberpunk 2077 ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့်အနုပညာရှင်များကိုလည်း Paramount ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း၊ အဆိုပါဇာတ်ကားအတွက် ထုတ်လုပ်သူအဖြစ် နာမည်ကျော် ရုပ်ရှင်ထုတ်လုပ်သူ လိုရင့်ဇ်ဒိုနာဗင်တူရာက တာဝန်ယူထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# President of the Republic of the Union of Myanmar U Min Aung Hlaing receives Nippon Foundation Honorary Chairman Mr. Yohei SASAKAWA



**Nay Pyi Taw October 20**

President of the Republic of the Union of Myanmar U Min Aung Hlaing received Nippon Foundation Honorary Chairman Mr. Yohei SASAKAWA, who paid a courtesy call on him at the Reception Hall of the Presidential Office in Nay Pyi Taw this morning.

During the call, cordial discussions were centred on the ongoing efforts of the government to firmly steer the country on the path to democracy, the implementation of undertakings for national stability and development, possible areas in which the Honorary Chairman of the Nippon Foundation will assist and strive to contribute from any capable side in Myanmar's internal peace processes, and the provision of assistance by the Nippon Foundation for the development of human resources in Myanmar. MNA

**President of the Republic of the Union of Myanmar U Min Aung Hlaing shakes hands with Nippon Foundation Honorary Chairman Mr. Yohei SASAKAWA.**

# Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

**Ongoing systematic demolition of a 5-story building used in online gambling operations within Shwe Kokko (Part-II).**




**Demolition using heavy machinery.**



**Completed demolition.**

**Nay Pyi Taw October 20**

The government has placed emphasis on combat against online scams and gambling as a national responsibility and systematically carried out total demolition of illegal buildings in Shwe Kokko, where majority of online scams and gambling were operated, so that they cannot be used again in such crimes.

In doing so, it was reported that demolition of a 5-storey building, used in online scams and gambling and left to be brought down with the use of machinery in Shwe Kokko (Part-II), completed 45 percent today.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were classified to be demolished with the use of machinery, four to be detonated and 34 to be knocked down manually floor by floor due to their proximity to residential buildings and systematic demolition works were being carried out. Demolition of four buildings to be detonated and two to be knocked down with the use of machinery completed and plans are underway to demolish 57 remaining buildings.

In cooperation with neighboring and regional countries, the government has placed a social emphasis on total eradication of online scams and gambling, which has posed a threat to the global socioeconomic arena and national security.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tatmadaw columns clear bases of terrorist groups extorting and harassing travellers along the Indaw–Wuntho–Kawlin and Indaw–Maugone–Kyauktan routes

**Record of Tatmadaw columns clearing and attacking bases of terrorist groups that extorted and harassed travelers along the Indaw–Wuntho–Kawlin and Indaw–Maugone–Kyauktan routes.**



Record of clearing and capturing terrorist bases in Meza Village.



Record of clearing and capturing terrorist bases in Nantthe Village.



Record of clearing and capturing terrorist bases in Naungmo Village.



Record of clearing and capturing terrorist bases in Namkham Station Village.

**Nay Pyi Taw October 20**

As coalition terrorist insurgents operating under the banner of the PDF—proxies of the terrorist organizations NUG and CRPH—have temporarily dominated towns and villages in certain regions and states to disrupt government administrative machinery and carry out multifaceted destructive acts for their own self-interest, Tatmadaw columns have been conducting counter-terrorism operations.

Seeking their own interests, coalition PDF terrorist insurgents temporarily took control of certain towns, villages, and areas, perpetrating acts of terrorism and blocking vital transport links critical for regional development. By establishing defensive bases along public transit routes, they extorted transit fees from travellers, arbitrarily detained and tortured civilians, and murdered those who did not comply. Consequently, local residents faced severe disruptions in transportation and the flow of goods, resulting in acute shortages of food and essential household items, interruption of medicine and emergency medical supplies, and raw material deficits for local businesses while finished goods could no longer reach markets. As a result, the daily socioeconomic lives of local national ethnic peoples deteriorated sharply, and they suffered bitterly under the abuses of these terrorists.

Therefore, Tatmadaw columns made relentless efforts to reopen these vital transport routes temporarily dominated by terrorist insurgents. They progressively regained control over towns, villages, and road networks one after another, fully securing and reopening the Mandalay–Madaya–Thabeikkyin–Tagaung–Tigyaing–Katha–Indaw–Mawlu–Nantsiaung–Mohnyin–Mogaung–Myitkyina route on May 6, 2026. This allowed the swift and smooth movement of goods and trade within the region, fostering the recovery and revitalization of public services such as education and healthcare.

To eliminate the terrorist insurgent outposts stationed along the Indaw–Wuntho–Kawlin and Indaw–Maugone–Kyauktan routes, which were being used to bully and extort travellers, Tatmadaw columns systematically organized and mobilized coordinated forces from Indaw town to carry out phased area-clearance and security operations. Through these sequential operations, troops recaptured Lenaung and Kanni villages on October 5, followed by Pintthachay, Meza, Lezin, and Nantthe villages on October 9. Operations continued with the capture of one terrorist camp near Kyauktaw village as well as Kyeinchaung village on October 12, Pein-inn village on October 13, Hsinkone village on October 14, and Nyaungkaing and Htantabin villages on October 16. Finally, on October 18, security forces successfully retook and secured Namkham, Lepyin, and Maugone villages.

Tatmadaw personnel fought selflessly and tenaciously to reclaim these settlements along the transport corridors. Across a total of 32 major and minor armed clashes with the terrorist insurgents, troops recovered 18 bodies of enemy fighters, alongside 19 assorted firearms, ammunition, and related military materiel.

During their temporary dominance over the area, coalition terrorist insurgents dug communication trenches throughout the villages and fortified residential compounds and fences with bunkers to conduct stubborn defensive warfare and carry out various destructive acts. Furthermore, they blocked traffic corridors, extorted passing passenger vehicles and cargo trucks, subjected civilians to torture and killings, and forcibly conscripted locals into their ranks, severely impeding the flow of goods, driving up commodity prices, and impoverishing the population across all facets of life.

Consequently, Tatmadaw columns are working in close cooperation with local residents to carry out essential rehabilitation tasks and restore public healthcare and education to revitalize socioeconomic livelihoods, while security operations continue with heightened momentum. 100

**Weapons, ammunition, mines, and related materiel seized from terrorist insurgents.**



Weapons, ammunition, and related materiel seized from terrorist insurgents near Lepyin Village.



Weapons, ammunition, and related materiel seized from terrorist insurgents near Kyeinchaung Village.

# ဆလိုဗေးနီးယားကုမ္ပဏီက ဒရုန်းဖျက်စနစ်များတွင် Gatling စက်သေနတ်များ ပေါင်းစပ်တပ်ဆင်



ဆလိုဗေးနီးယားနိုင်ငံ အခြေစိုက် ကာကွယ်ရေးနည်းပညာ ကုမ္ပဏီ Valhalla Turrets သည် ဒရုန်းဖျက်စနစ်များတွင် Gatling စက်သေနတ်များကို အောင်မြင်စွာ ပေါင်းစပ်တပ်ဆင်လိုက်ပြီဖြစ်ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းစနစ်သည် စစ်မြေပြင်တွင် အရှိန်အဟုန်ဖြင့် တိုးတက်လာနေသော ဒရုန်းစစ်ဆင်ရေး ခြိမ်းခြောက်မှုများကို ထိရောက်စွာ တန်ပြန်ချေမှုန်းနိုင်ရန် ရည်ရွယ်၍ အထူးဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

အဆိုပါ ကုမ္ပဏီသည် ရေဒါအခြေပြု အဝေးထိန်းလက်နက်စနစ်များတွင် ကျည်ဆန်များ ထည့်သွင်းပစ်ခတ်နိုင်သည့် NATO စံချိန်စံညွှန်းမီ Gatling စက်သေနတ်များကို တပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။

၎င်းတပ်ဆင်မှုကြောင့် ရန်သူ့အနိမ့်ပျံ ဒရုန်းများ၊ ဒရုန်းအုပ်စုလိုက် တိုက်ခိုက်မှုများနှင့် သာမန်လေကြောင်း ခြိမ်းခြောက်မှုများကို စက္ကန့်ပိုင်းအတွင်း တိကျစွာ ပစ်ခတ်ဖျက်ဆီးနိုင်သည့် တိုက်ပွဲဝင်စွမ်းရည်ကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

Valhalla Turrets ကုမ္ပဏီ၏ နည်းပညာအသစ်တွင် အဆင့်မြင့် အာရုံခံစနစ်များနှင့် ရေဒါများ၊ ဉာဏ်ရည်တု (AI) စနစ်နှင့် မြင့်မားသော ပစ်ခတ်နှုန်း စသည့် နည်းပညာရပ်များကို အပြန်အလှန် ပေါင်းစပ်ပေးထားသည်။ ရန်သူ့ဒရုန်း၏ လှုပ်ရှားမှုကို ဝေးလံသော အကွာအဝေးမှ အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းခြေရာခံနိုင်ရန် AESA ရေဒါနှင့် Electro-Optical/Infrared စောင့်ကြည့်ကင်မရာစနစ်များကို အသုံးပြုထားပြီး ပစ်မှတ်ကို အလိုအလျောက် ရွေးချယ်ပေးခြင်း၊ ဒရုန်း၏ ပျံသန်းမှုလမ်းကြောင်းကို ကြိုတင်တွက်ချက်ပေးခြင်းနှင့် ပစ်ခတ်မှုအချိန်ကို မိုက်ခရိုစက္ကန့်အတွင်း ဆုံးဖြတ်ပေးနိုင်သည့် ပစ်ခတ်မှုထိန်းချုပ်စနစ်လည်း တပ်ဆင်ထားသည်။

ထို့ပြင် Gatling စက်သေနတ်သည် တစ်မိနစ်လျှင် ကျည်ဆန်ထောင်ပေါင်းများစွာ ပစ်ခတ်နိုင်သည့် မြင့်မားသော ပစ်ခတ်နှုန်းစွမ်းရည်ကြောင့် သေးငယ်၍ လျင်မြန်စွာ ပျံသန်းနေသော အသေးစားဒရုန်းများကို မလွတ်တမ်း ပစ်ခတ်ချေမှုန်းနိုင်မည်ဖြစ်သည်။

ယနေ့ခေတ် စစ်မြေပြင်များတွင် သာမန်နှင့် စီးပွားရေးသုံး ဒရုန်းများကို လက်နက်တပ်ဆင်၍ အသုံးပြုလာခြင်းကြောင့် တန်ဖိုးနည်းပြီး ထိရောက်မှု မြင့်မားသော ဒရုန်းဖျက်စနစ်များ၏ လိုအပ်ချက်မှာ မြင့်မားလာခဲ့သည်။ ဒုံးကျည်အခြေပြု လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် ဒရုန်းတစ်စင်းကို ပစ်ခတ်ရာတွင် ကုန်ကျစရိတ် အလွန်ကြီးမားသဖြင့် ကုန်ကျစရိတ် အချိုးအစား အရ မမျှတမှုကို ဖြစ်ပေါ်စေသည်။ ဆလိုဗေးနီးယား၏ Gatling စက်သေနတ်တပ် ဒရုန်းဖျက်စနစ်သည် ကုန်းကြောင်းတပ်ဖွဲ့များ၊ သံချပ်ကာယာဉ်များနှင့် ကွပ်ကဲရေးစခန်းများကို ကုန်ကျစရိတ်နည်းပါးစွာဖြင့် ထိရောက်သော အကာအကွယ်ပေးနိုင်မည်ဖြစ်သည်။ ၎င်းစနစ်ကို မော်တော်ယာဉ်များပေါ်တွင် တပ်ဆင်၍ ရွှေ့ပြောင်းအသုံးပြုနိုင်သကဲ့သို့ အမိကအခြေခံ အဆောက်အအုံများတွင်လည်း အသေတပ်ဆင်ကာ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ယနေ့ခေတ် စစ်မှုရေးရာများတွင် ကုန်ကျစရိတ်သက်သာသည့် ဒရုန်းစစ်ဆင်ရေးများ ပိုမိုခေတ်စားလာသည်နှင့်အမျှ ၎င်းတို့ကို တန်ပြန်ရန်အတွက် Gatling စက်သေနတ်ကဲ့သို့သော မြန်နှုန်းမြင့် လက်နက်စနစ်များနှင့် ရေဒါ၊ AI နည်းပညာများ ပေါင်းစပ်ထားသည့် စက်သေနတ် တပ်ဆင်ဒရုန်းဖျက်စနစ် (Anti-Drone Gun System) များသည် တပ်မတော်များ၏ စစ်ဆင်ရေးဆိုင်ရာလုံခြုံရေးအတွက် မရှိမဖြစ် လိုအပ်သော နည်းဗျူဟာမြောက် ကာကွယ်ရေးအလွှာတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**Slovenian firm arms drone killer systems with Gatling gun ကို ဘာသာပြန်ဆိုထားပါသည်။**

# L3Harris ကုမ္ပဏီက VAMPIRE ဒရုန်းတန်ပြန်တိုက်ဖျက်ရေးစနစ်များကို အမေရိကန်ကြည်းတပ်ထံ ပေးပို့ခဲ့

အမေရိကန်ကာကွယ်ရေးနည်းပညာ ကုမ္ပဏီ L3Harris Technologies သည် VAMPIRE(Vehicle Agnostic Modular Palletized ISR Rocket Equipment) ဒရုန်းတန်ပြန် တိုက်ဖျက်ရေးစနစ်များကို အမေရိကန်ကြည်းတပ်ထံ ပေးပို့ခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါပေးပို့မှုသည် အမေရိကန်ဒေါ်လာ ၁၀၆ သန်းထိ တန်ဖိုးရှိသော စာချုပ်အရ ဆောင်ရွက်ခြင်းလည်းဖြစ်သည်။ အမှာစာရရှိပြီး နှစ်လအတွင်း ပထမအသုတ် ပေးပို့နိုင်ခဲ့ခြင်းဖြစ်ပြီး ရန်သူ့ဒရုန်းများ၏ ခြိမ်းခြောက်မှုကို တုံ့ပြန်ကာကွယ်ရန် အမေရိကန်ကြည်းတပ်၏ အလွှာလိုက်လေကြောင်းရန် ကာကွယ်ရေးကွန်ရက်ကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

VAMPIRE တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် ကုန်ကျစရိတ်သက်သာပြီး လျင်မြန်စွာ တပ်ဆင်အသုံးပြုနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားသော စနစ်တစ်ခုဖြစ်သည်။ အပေါ့စား နည်းဗျူဟာမြောက် စစ်သုံးယာဉ်များအပြင် စစ်ဘက်သီးသန့်မဟုတ်သော ယာဉ်များပေါ်တွင်ပါ တပ်ဆင်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

အဆိုပါစနစ်တွင် အနိမ့်အမြင့် ချိန်ညှိနိုင်သောတိုင်၊ Electro-Optical အာရုံခံကိရိယာများနှင့် လေဆာလမ်းညွှန်စနစ်သုံး ဒုံးကျည်များကို ပေါင်းစပ်ထားသည်။ ၎င်းနည်းပညာများမှတစ်ဆင့် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့်ကင်းထောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သကဲ့သို့ သတ်မှတ်ပေးထားသည့် ပစ်မှတ်များကိုလည်း တိကျစွာတိုက်ခိုက်နိုင်သည်။

VAMPIRE ဒရုန်းတန်ပြန်တိုက်ဖျက်ရေးစနစ်သည် ၂၀၂၃ ခုနှစ်တွင် ယူကရိန်းစစ်မြေပြင်၌ ပထမဆုံးအသုံးပြုခဲ့ပြီးနောက် ဥရောပရှိစစ်ဆင်ရေး ပတ်ဝန်းကျင်များတွင် လုပ်ငန်းလည်ပတ် အသုံးပြုမှု နာရီပေါင်း ၃၅၀၀၀ ကျော်ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ပြင် အဆိုပါနည်းပညာကို ရေကြောင်း၊ လေကြောင်းနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးဆိုင်ရာ အသုံးချနိုင်ရန် တိုးချဲ့လာခဲ့သည်။ ထုတ်လုပ်မှုအရှိန်မြှင့်တင်နိုင်ရန် အမေရိကန်နိုင်ငံ၊ အလာဘားမားပြည်နယ်၊ ဟန့်စ်ဗီးလ်မြို့၌ သီးသန့်ထုတ်လုပ်ရေးစက်ရုံတစ်ရုံကိုလည်း ဖွင့်လှစ်ထားသည်။




" VAMPIRE စနစ်ကို လျင်မြန်စွာ တပ်ဆင်အသုံးပြုနိုင်ရေးအတွက် အမေရိကန်ကြည်းတပ်နဲ့ လက်တွဲဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါ အမေရိကန်စစ်ဘက်တပ်ဖွဲ့များအနေနဲ့ ဒရုန်းခြိမ်းခြောက်မှုတွေကနေ တပ်ဖွဲ့ဝင်တွေနဲ့ အရေးပါတဲ့ အဆောက်အအုံ၊ ပစ္စည်းကိရိယာတွေကို ယုံကြည်စိတ်ချစွာ ကာကွယ်နိုင်ရန် လိုအပ်တဲ့စနစ်တွေကို ရရှိထားပြီဖြစ်ပါတယ်"ဟု L3Harris ကုမ္ပဏီ၏ဆက်သွယ်ရေးနှင့် ရေဒီယိုလှိုင်းစဉ် နည်းပညာလုပ်ငန်းဌာန ဥက္ကဋ္ဌ Chris Aebli က ပြောကြားခဲ့သည်။

ယခုစနစ်များ ပေးပို့မှုသည် အမေရိကန်ရေတပ်၏ ကမ်းရိုးတန်းအနီး စစ်ဆင်ရေးများတွင် ဒရုန်းများကို တန်ပြန်တိုက်ဖျက်ရန် VAMPIRE ဒရုန်းတန်ပြန် တိုက်ဖျက်ရေးစနစ်များကို ဖြန့်ဝေပေးမည်ဟု အမေရိကန်အစိုးရက စက်တင်ဘာလ အစောပိုင်းတွင် ဆုံးဖြတ်ခဲ့ပြီးနောက် ပေးပို့ခဲ့ခြင်းလည်းဖြစ်သည်။ သို့သော် ပေးပို့မည့်စနစ်အရေအတွက်ကို တရားဝင်ထုတ်ပြန်ထားခြင်း မရှိသေးပေ။

ထို့ပြင် စက်တင်ဘာလအတွင်း L3Harris ကုမ္ပဏီက VAMPIRE စနစ်တွင် ဉာဏ်ရည်တု (AI) အခြေပြု အဆင့်မြင့် စွမ်းဆောင်ရည်တစ်ရပ်ကို ထည့်သွင်းအသုံးပြုထားကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး Computer Vision ကို အသုံးပြုသည့် အဆိုပါစွမ်းဆောင်ရည်သည် EO/IR အာရုံခံစနစ်များမှတစ်ဆင့် ခြိမ်းခြောက်မှုပစ်မှတ်များ၏ တည်နေရာကို ပိုမိုထိရောက်စွာ ရှာဖွေဖော်ထုတ်နိုင်ရန် ရည်ရွယ်ထားသည့်အပြင် စနစ်ကို အသုံးပြုနေသည့် တပ်ဖွဲ့၏တည်နေရာကို ရန်သူက သိရှိနိုင်ခြေနည်းပါးစေရန်လည်း အထောက်အကူပြုနိုင်ကြောင်း သိရသည်။

**L3Harris Kicks Off VAMPIRE Anti-Drone Weapon Supply to US Army ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၃၅၃၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြင်းမူ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၁၃၅၃၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ကုလားပဲ ၁၃၅၃၆ ဧက စိုက်ပျိုးဖို့ လျာထားပြီး ယခုနှစ် အောက်တိုဘာလစတုတ္ထပတ်မှ စတင်၍ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့နည်းပညာနှင့် မျိုးကောင်းမျိုးသန့်တွေကို ပံ့ပိုးဆောင်ရွက်ပေးသွားပါမယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကုလားပဲစိုက်တောင်သူများကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေး အတွက်လိုအပ်သည့် မျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ စိုက်နည်းစနစ် မှန်ကန်ရေးအတွက် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။

(၂၀၆)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ပူတာအိုမြို့နယ် မုဒုံ-၂ကျေးရွာ၌ သဲကျောက်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး



**ပူတာအို အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မုဒုံ-၂ ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း သဲကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်၊ ပူတာအိုမြို့နယ်ဦးစီးမှူး ဦးဇော်လင်းနှင့် ဝန်ထမ်းများက မုဒုံ-၂ကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလမ်း ရေရှည် တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မုဒုံ-၂ကျေးရွာ၌ လမ်းအရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း သဲကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် တစ်သိန်း စုစုပေါင်း ငွေကျပ် ၁၆ သိန်းဖြင့် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှစတင်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ကြောင်း ပူတာအိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်ထံမှ သိရသည်။

**ထွန်းထွန်းလင်း**

# ဇလွန်မြို့နယ်တွင် ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ဒေသထွက် ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ဇလွန်မြို့နယ်တွင် ခရမ်းသီးများထွက်ရှိပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ကာ ယနေ့ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၃၅၀၀၀ မှ ၅၀၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။



"ဇလွန်မြို့နယ်က ထွက်ရှိတဲ့ ခရမ်းသီးတွေ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ အခြားဒေသတွေရဲ့ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေ အဝယ်များနေပါတယ်။ အခုလ ဒုတိယပတ် ဒီနေ့ထိ အလုံးရေ ၃၅၀၀၀ မှ ၅၀၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်ပါတယ်။ အခုနှစ် ခရမ်းသီးတွေက အရည်အသွေး ကောင်းသလို အထွက်နှုန်းလဲ ကောင်းပါတယ်။ လက်ရှိမှာ ခရမ်းအဝိုင်းသီးနဲ့ ခရမ်းအရှည်သီး အမျိုးအစားနှစ်မျိုးစလုံး အရောင်းအဝယ်ကောင်းမွန်နေတာပါ" ဟု ဇလွန်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ဇလွန်မြို့နယ်တွင် စိုက်ပျိုး ထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် ခရမ်းသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့နယ် ကျွဲဘိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် အောက်တိုဘာ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲဘိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁၉ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစု ဝင်ငွေတိုးစီးပွား လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် အကြောင်းအရာများ ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၅၉၅ သိန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကျွဲဘိကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူ ၁၁၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင် သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို ရန်ပုံငွေကျပ် ၅၉၅ သိန်း ထုတ်ချေးပေးခဲ့ ကြောင်း သိရသည်။

**သန်းလွင်**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ National Historical and Cultural Museum-Reserve "Nesvizh" သို့ သွားရောက်လေ့လာ



**မင့်စ် အောက်တိုဘာ ၂၀**

ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာကိုချန်နိုဗာ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံမှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့ကို လေဆိပ်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Igor Brylevich ၊ အမျိုးသားလွှတ်တော် နိုင်ငံတကာရေးရာနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အမြဲတမ်းကော်မရှင်ဥက္ကဋ္ဌ Mr. Sergei ALEINK နှင့် ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမောင်မောင်စိုးတို့က ကြိုဆိုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ညှက်စဘစ်ရှ်(Nesvizh)မြို့ရှိ National Historical and Cultural Museum-Reserve "Nesvizh" ပြတိုက်သို့သွားရောက်လေ့လာကြသည်။

အဆိုပါပြတိုက်သည် ၂၀၀၅ ခုနှစ်တွင် ယူနက်စကို(UNESCO) ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ပြီး ပြတိုက်အတွင်း၌ ပြခန်းပေါင်း ၁၅ ခန်း၊ အမွေနှစ်ပစ္စည်း ၂၄၀၀၀ ကျော် ရှိကြောင်း သိရသည်။

ထို့ပြင် ပြတိုက်ပရဝဏ်တွင် Nesvizh မြို့တော်ခန်းမ၊ သမိုင်းဝင် Slutsk ဂိတ်တံခါး၊ သမိုင်းဝင် ပန်းခြံ ငါးခု(Castle Park, Old Park, Japanese Park, English Park နှင့် Marysin-New Park)တည်ရှိပြီး ဧက ၁၆၀ ကျော်ကျယ်ဝန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုဖြင့် စားအုန်းဆီလိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပမှတင်သွင်းမှုလျှော့ချနိုင်ရေး ဆီအုန်းမျိုးသစ်များထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၀**

၁၉၉၉ ခုနှစ်မှစ၍ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်ရမည်ဟူသောရည်မှန်းချက်ဖြင့် ဆီအုန်းဧကငါးသိန်းထိ တိုးချဲ့စိုက်ပျိုးရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၃ ဒသမ ၉၆ သိန်း ဆီသီးခိုင်တန်ချိန် ၆ ဒသမ ၁၈သိန်း ထွက်ရှိခဲ့ကာ ဆီအုန်းသုတေသနမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စုစုပေါင်း ၂၉၉ ဒသမ ၄ ဧက ဆောင်ရွက်ထားရှိ၍ အပင်တစ်သျှူးမွေးမြူရေး (Tissue Culture)နည်းစနစ်ဖြင့် ဆီအုန်းမျိုးမွေးမြူရေးသုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ဆီအုန်းမျိုးသစ်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော်ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ကျင်းပသည့် ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး ဆီအုန်းကုမ္ပဏီများနှင့် ဆွေးနွေးပွဲမှ သိရသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တနင်္သာရီတိုင်းဒေသကြီးအတွင်း လိုအပ်သောဆီကြိမ်းစက်ရုံနှင့် ဆီချောစက်ရုံများ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင်များနှင့် ပူးပေါင်းချိတ်ဆက်ဆွေးနွေးအကောင်အထည်ဖော်ခြင်း၊ လုပ်ကွက်ငယ်တောင်သူများ အကျိုးစီးပွားအတွက် ဆီကြိမ်းစက်ရုံကြီးများရှိသည့် ကုမ္ပဏီကြီးများနှင့် အကျိုးတူလယ်ယာစနစ်လုပ်ဆောင်နိုင်ရေးချိတ်ဆက်ကူညီပေးခြင်း၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုတန်ဖိုးကွင်းဆက်တစ်ခုလုံးတိုးတက်စေရေး ဟန်ချက်ညီသော အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု(Harmonized Private Public Partnership)ဖြင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုလည်းဆောင်ရွက်ပေးရန် စီမံသွားရမည်ဖြစ်ပါကြောင်း၊ မြိတ်ဒေသမြောက်ခြမ်းတွင် ဆီသီးခိုင်အထွက်နှုန်းနည်း၍ ဆီအုန်းပင်များဖျက်သိမ်းကာ မျိုးကောင်းရော်ဘာများ အစားထိုးစိုက်ပျိုးရန် စီမံသွားရေးညွှန်ကြားခဲ့ပြီးဖြစ်၍ အစီအမံများတင်ပြရန်ဖြစ်ကြောင်း။

ဆီအုန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆီအုန်းစိုက်ပျိုးသူ၊ ထုတ်လုပ်သူများယှဉ်ပြိုင်နိုင်စွမ်းတိုးတက်စေရန်အတွက် ထုတ်လုပ်မှုမြှင့်တင်ရေး၊ ဈေးနှုန်းရရှိရေး၊ အရည်အသွေးမြှင့်တင်ရေးအတွက် လိုအပ်သောထိန်းကျောင်းမှုများဆောင်ရွက်သွားနိုင်ရန် တိုင်းဒေသကြီးအစိုးရ၊ ဆီအုန်းလုပ်ငန်းရှင်၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲတွင် ထားဝယ်ခရိုင်၊မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်တို့ရှိ ဆီအုန်းကုမ္ပဏီများ၊ ဝန်ကြီးဌာနမှတာဝန်ရှိသူများက မြေယာလုပ်ကိုင်ခွင့်လျှောက်ထားရယူခဲ့မှု ၊ လုပ်ကိုင်ခွင့်ရမြေပေါ်တွင် ဆီအုန်းစိုက်ပျိုးခဲ့မှု၊ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့သော ဆီအုန်းစိုက်ခင်းများ ပြန်လည်ဖြည့်စွက်စိုက်ပျိုးမည့်အခြေအနေ၊ လက်ရှိဆီအုန်းအသီးခူးလုပ်ငန်း ဆောင်ရွက်နိုင်မှုနှင့် ဆီသီးခိုင်ရောင်းချမှုအခြေအနေ၊ ဆီသီးခိုင်မှ ဆီကြမ်းထုတ်လုပ်နိုင်မှုအခြေအနေနှင့် ဒေသအတွင်း ဆီကြမ်းစက်ရုံတိုးချဲ့တည်ဆောက်ရန်လိုအပ်ချက်များ၊ ဆီကြမ်းမှ ဆီသန့်ထုတ်လုပ်နိုင်မှုအခြေအနေနှင့် ဒေသအတွင်း ဆီသန့်စက်ရုံတည်ဆောက်ရန်လိုအပ်ချက်၊ လက်ရှိ ဆီသီးခူးဧရိယာများ၏ သက်တမ်းနှင့် စီးပွားရေးသက်တမ်းကုန်ဆုံးပါက ပြန်လည်အစားထိုးစိုက်ပျိုးမည့်အခြေအနေနှင့် စီးပွားရေးသက်တမ်းကုန်ဆုံးပါက ဆီအုန်းအခင်းသစ်ပြန်လည်အစားထိုးစိုက်ပျိုးရာ၌ မျိုးကောင်းမျိုးသန့်ရယူအသုံးပြုစိုက်ပျိုးမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးတို့က ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစား သားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များတွေ့ဆုံပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၀

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ညှိနှိုင်းရေးကော်မတီဝင်များ၊နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း)က နိုင်ငံရေးပါတီများအနေဖြင့် ယခင်ကလည်း ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကြား ဆက်ဆံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာနှင့်ပတ်သက်သည့်ကိစ္စများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုဆိုသည်မှာ နိုင်ငံရေးကျင့်စဉ်နှင့်အာဏာခွဲဝေမှုတို့ဖြစ်ကြောင်း၊ နှစ်ဖက်ဆွေးနွေးရာတွင် သဘောတူညီချက်များ ရရှိနိုင်သကဲ့သို့ ဆက်လက်ဆွေးနွေးရမည့်ကိစ္စများလည်းရှိလာမည်ဖြစ်ပါကြောင်း၊ ယခုလည်း ဖက်ဒရယ်ဆိုင်ရာအချက်များကို ဆွေးနွေးညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့်နှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် ဒေါက်တာ အောင်မြတ်ဦးက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို တည်ဆောက်ရာတွင် မိမိနိုင်ငံနှင့်ကိုက်ညီသည့် ဖက်ဒရယ်စနစ်ဖြစ်ရန်လိုကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဆက်ဆံရေးကောင်းမွန်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပြင်ဆင်သင့်သည့်အချက်များပြင်ဆင်ရန်လိုအပ်ကြောင်း၊ ခိုင်မာသည့် ပြည်ထောင်စုဖြစ်ရန် လိုအပ်သကဲ့သို့ လွတ်လပ်ပြီးတရားမျှတသည့် ပြည်ထောင်စုကြီးလည်းဖြစ်ရန်လိုကြောင်း၊ ပြည်ထောင်စုအစိုးရသည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့်အတွက် ခိုင်မာအားကောင်းရန် လိုအပ်ပြီး တိုင်းဒေသကြီး၊ပြည်နယ်အစိုးရများသည် လွတ်လွတ်လပ်လပ်လုပ်ကိုင်နိုင်ရန် လုပ်ပိုင်ခွင့်ပြည့်ပြည့်ဝဝရှိရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များက ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရများကြား ဆက်ဆံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် ပါတီတွင်းထုတ်ပြန်ချက်များထုတ်ပြန်ပြီး ရပ်တည်ဆွေးနွေးခဲ့ကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များကြား ဥပဒေပြုရေးအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကိစ္စရပ်များကို အာဏာခွဲဝေမှုတွင် ဆီလျော်ရန်လိုအပ်ကြောင်း၊ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေသည် အစိုးရနှစ်ရပ်၊ လွှတ်တော် သုံးရပ်ရှိသည့်အတွက် ဖက်ဒရယ်ပုံစံဖြစ်ကြောင်း၊ ဖက်ဒရယ်ကိုစဉ်းစားရာတွင် အလွှာအားလုံးပါဝင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကြား လုပ်ငန်းတာဝန်ကို ရှင်းလင်းစွာ သတ်မှတ်ရန်လိုကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးနှင့် သက်ဆိုင်သည့်အတွက် သက်ဆိုင်ရာမူဝါဒများ၊ အမျိုးသားအဆင့်စီမံကိန်းများ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုများကို ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကြား ပထဝီအနေအထား၊ လူဦးရေ၊ စီးပွားရေးနှင့် လူမှုရေးလိုအပ်ချက်အပေါ်အခြေခံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း)က ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပြဋ္ဌာန်းပြီး ဥပဒေများ၊ ပြဋ္ဌာန်းရန်ကျန်သည့် ဥပဒေများနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့မှ ဆွေးနွေးတင်ပြမှုများကို အကျဉ်းချုပ်ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နှစ်ရက်တာဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်လာစေရေးညှိနှိုင်းရေးကော်မတီဘက်မှ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို မြှင့်တင်ပါက ထိတွေ့ဆက်ဆံနိုင်သည့် အတိုင်းအတာနှင့်လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာ သတ်မှတ်ပေးရေး၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့အနေဖြင့် ပါတီတစ်ခုချင်းစီ၏သဘောထားများကို ဖော်ပြနေခြင်းထက် ပါဝင်ပတ်သက်သည့် နိုင်ငံရေးပါတီအားလုံး၏ အသံကိုထင်ဟပ်နိုင်စေရေး၊ ဆွေးနွေးပွဲအဆင့်တွင် ရပ်တန့်မနေဘဲ မည်သို့ချိတ်ဆက် ဆောင်ရွက်နိုင်မည်ဆိုသည့် နည်းလမ်းများဖော်ထုတ်နိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ယင်းနောက် ဆွေးနွေးမှုများနှင့် ပတ်သက်၍ မှတ်တမ်းတင်ပြီး ရရှိသောသဘောထားစုစည်းချက်များကို မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဒေါက်တာ အောင်မြတ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆွေးနွေးပွဲကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၃၈ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း



မန္တလေး အောက်တိုဘာ ၂၀

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ၁၃၈ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီး မန်းတောင်ရိပ် ကိုထပ်ဆောင်၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးများက ကျန်းမာရေးဝန်ထမ်းများမှ သွေးလှူရှင်များကို ကျန်းမာရေးစစ်ဆေးပေးနေမှု၊ သွေးလှူဒါန်းနေကြသည့်ဝန်ထမ်းများကို ကြည့်ရှုအားပေး၍ အာဟာရဖြည့်စွက်စာများပေးအပ်ပြီး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လှူဒါန်းထားသော သွေးအိတ် ၈၆ အိတ်နှင့် မန္တလေးပြည်သူ့ဆေးရုံကြီးအတွက် လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းကြရာ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးကလက်ခံ၍ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း Multipurpose Stadium ၌ကျင်းပသည့် ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး မဟာအောင်မြေခရိုင်အသင်းနှင့် မိတ္ထီလာခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုကြည့်ရှုအားပေးရာ မဟာအောင်မြေခရိုင်အသင်းက မိတ္ထီလာခရိုင်အသင်းကို ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ဆုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက ဂိုးသမားအကောင်းဆုံးဆု၊အကောင်းဆုံးကစားသမားဆု၊တတိယဆုရရှိသည့် မြင်းခြံခရိုင်အသင်းနှင့် ဒုတိယဆုရရှိသည့် မိတ္ထီလာခရိုင်သင်းတို့ကို ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က ပထမဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းကို ဆုတံဆိပ်များကိုလည်းကောင်း၊တိုင်းဒေသကြီးဝန်ကြီးချုပ်က တံခွန်စိုက်ဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းကိုတံခွန်စိုက်ဆုနှင့်ဂုဏ်ပြုဆုငွေတို့ကိုလည်းကောင်းချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၀**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်က တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၇ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ငှက်ပျောတောကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၅၇ ဦးဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ယိုယွင်းပျက်စီးနေသော ကျောင်းဆောင်ဟောင်းနေရာတွင် ကျောင်းဆောင်သစ်တစ်ဆောင်ကို မည်သည့်ဘဏ္ဍာနှစ်တွင် ဖြည့်ဆည်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် တည်ဆောက်ရေးလုပ်ငန်း ရှစ်ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၂၂၀၇ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငှက်ပျောတောကွင်း အခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ၁၅၇ ဦးရှိပြီး စာသင်ဆောင်များအနေဖြင့် စုစုပေါင်းစာသင်ကျောင်းဆောင် နှစ်ဆောင်ရှိပြီး စာသင်ခန်း ခြောက်ခန်းဖြင့် သင်ကြားမှုသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၁၀ x ၂၆ ပေ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်သည် ပျက်စီးမှုရှိနေသော်လည်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်၍ရနေသည့်အတွက် အကြီးစားပြန်လည်ပြင်ဆင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကျောင်းဆောင်အပြင်တွင် ကျောင်းဆောင် ၁၈ x ၁၂ ပေ သွပ်မိုးထရံကာဖြင့် သင်ကြားနေရသည့်အတွက်ကြောင့် ကျောင်းသားအင်အားအရ လိုအပ်နေသည့် ပေ ၆၀ x ၃၀ RC တစ်ထပ် တိုးချဲ့ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းတည်ဆောက်ရေးဘတ်ဂျက်ရန်ပုံငွေရရှိမှုအပေါ် တိုင်းဒေသကြီးတန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ခွန်ထိုင်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပင်လောင်းမြို့ အနောက်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းကို ပေ ၁၄၀ x ၃၀ RCC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ငွေလုံးငွေရင်းတည်ဆောက်ရေး ခွင့်ပြုရန်ပုံငွေ ၃၉ ဒသမ ဝ၇ သန်းဖြင့် လုပ်ငန်းပေါင်း ၁၅၉ ခုကို လက်ရှိဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပင်လောင်းမြို့အတွက် မန္တလေးလျှောင်ကြောင့် ပျက်စီးသွားသည့် ကျောင်းဆောင်အစား အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း နှစ်ခုအပါအဝင် လုပ်ငန်း ၁၃ ခုအတွက် ခွင့်ပြုငွေကျပ် ၃၂၉၇ သန်းဖြင့် လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ မြေဧရိယာသည် ၁ ဒသမ ၅၀ ဧက ကျယ်ဝန်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့်ကျောင်းသားဦးရေ ၅၂၀၊ အလယ်တန်းအဆင့်ကျောင်းသား ၇၈၃ ဦး၊ အထက်တန်းအဆင့်ကျောင်းသား ၂၆၂ ဦး စုစုပေါင်းကျောင်းသား ၁၅၆၅ ဦးရှိပါကြောင်း၊ အဆိုပါကျောင်းတွင် ကျောင်းဆောင် ခုနစ်ဆောင်၊ စာသင်ခန်း ၃၀ နှင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တန်းခွဲဦးရေအရ လိုအပ်နေသည့် စာသင်ခန်း ရှစ်ခန်းစာ ပေ ၁၄၀ x ၃၀ RC နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်နိုင်ရန်အတွက် လာမည့်ဘဏ္ဍာနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးဘတ်ဂျက်ရရှိမှုအပေါ် ပြည်နယ်၏တန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်း၏ **နိုင်ငံ့ဝန်ထမ်းဥပဒေ၊ အငြိမ်းစားယူခြင်းဥပဒေမှ ဝန်ထမ်းနှစ်ပြည့်ပင်စင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများဖြစ်သော ပညာရေးဝန်ထမ်းများသည် အသက် ၅၅ နှစ်ပြည့်ပြီး ဝန်ထမ်းလုပ်သက် အနှစ် ၃၀ ပြည့်သော်လည်း တင်ပြလျှောက်ထားခွင့်မပြုဖြစ်နေပါသောကြောင့် ဝန်ထမ်းသည် အငြိမ်းစားယူရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရက လျှောက်ထားခွင့်ပြု၊ မပြုနှင့် ခံစားခွင့်ရှိ၊ မရှိသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်ကို ထိန်းသိမ်းရန်၊ လုပ်သက်ရင့်နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုတို့အရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ဆက်လက်အထောက်အကူပြုစေရန်၊ လုပ်ငန်းကျွမ်းကျင်သည့် လုပ်သက်ရင့် နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံတော်က ဆက်လက်ချီးမြှောက်ရန်အလို့ငှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၆၊ ပုဒ်မခွဲ(က)တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါကြောင်း။

အဆိုပါပြင်ဆင်ချက်တွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၀ ကို ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့် နေ့ရက်သတ်မှတ်ချက်သည် ယင်းဝန်ထမ်းအသက် ၆၂ နှစ်ပြည့်သည့် နေ့ရက်ဖြစ်သည်ဟူ၍လည်းကောင်း၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ(က)ကို တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့်ကိစ္စမှတစ်ပါး အသက် ၆၂ နှစ်ပြည့်သောအခါ သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင်ခံစားခွင့်ရှိသည်ဟူ၍လည်းကောင်း ဖော်ပြပါရှိပါကြောင်း။

သို့သော် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးစားနေသည့်ကာလတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန် လိုအပ်နေသည့်အတွက်ကြောင့်လည်းကောင်း၊ အခြေအနေအရပ်ရပ်ကြောင့် ဝန်ထမ်းပြုန်းတီးမှုများရှိနေသည့်အတွက်ကြောင့်လည်းကောင်း၊ သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် ရုံးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဟန်ချက်ညီညီ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ဝန်ထမ်းအင်အားနည်းပါးနေခြင်း ထပ်မံဖြည့်တင်းရန် လိုအပ်နေခြင်းတို့ကြောင့်လည်းကောင်း၊ နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ်များ ပညာသင်ယူမှု ရပ်တန့်မသွားစေရန်အတွက်လည်းကောင်း ဝန်ထမ်းလိုအပ်ချက်ကို အစွမ်းကုန်ဖြည့်ဆည်းကြိုးပမ်းဆောင်ရွက်နေရသည့်ကာလဖြစ်နေသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (ခ)ပါ အသက် ၅၅ နှစ်ပြည့်ပြီးသော ဝန်ထမ်းသည် လုပ်သက်အနှစ် ၃၀ ပြည့်ပါက နှစ်ပြည့်ပင်စင်ခံစားခွင့်ရှိသည်ဟု ဖော်ပြချက်ပါ နှစ်ပြည့်ပင်စင်နှင့် နည်းဥပဒေခွဲ(ဆ)ပါ လျော့ပေါ့ပင်စင်ခံစားခွင့်များကို ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစ၍ ယာယီရပ်ဆိုင်းထားရခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးတင်မောင်ဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ပလောက်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားဦးရေများပြားလာသောကြောင့် စာသင်ခန်းမလုံလောက်သည့်အပြင် လက်ရှိသင်ကြားနေသည့် စာသင်ဆောင်များမှာလည်း ပျက်စီးယိုယွင်းနေပါသဖြင့် ပေ ၁၄၀ x ၃၀ RC သုံးထပ်ကျောင်းဆောင်သစ် တစ်ဆောင်ကို လာမည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့်ကျောင်းသား ၅၂၄ ဦး၊ အလယ်တန်းအဆင့်ကျောင်းသား ၅၄၁ ဦး၊ အထက်တန်းအဆင့် ၂၃၇ ဦး စုစုပေါင်း ၁၃၀၂ ဦးရှိပြီး စာသင်ကျောင်းဆောင် ငါးဆောင်နှင့် စာသင်ခန်း ၂၄ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်အခြေခံပညာအထက်တန်းကျောင်းတွင် ပျက်စီးနေသည့် ကျောင်းဆောင်တချို့ကို ပြန်လည်ပြုပြင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျောင်းသားနှင့် အတန်းခွဲဦးရေအရ ထပ်မံလိုအပ်နေသည့် စာသင်ခန်း ရှစ်ခန်းစာ ပေ ၁၄၀ x ၃၀ RC နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ရန်အတွက် နီးစပ်ရာဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း တည်ဆောက်ရေးဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီးတန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ် မြို့နယ်ပညာရေးမှူးရုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၆-၂၀၂၇ ငွေလုံးငွေရင်း တည်ဆောက်ရေးခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၅၉ ဘီလီယံဖြင့် လုပ်ငန်း ၅၄ ခုကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ပညာရေးမှူးရုံး၏မြေသည် သုည ဒသမ ဝ၆၈ ဧက ကျယ်ဝန်းပါကြောင်း၊ တမူးမြို့နယ် ပညာရေးမှူးရုံးတွင်ရှိသည့် ပေ ၉၀ x ၃၀ သွပ်မိုး အုတ်ညှပ်တစ်ထပ်အဆောက်အအုံသည် ၂၀၂၄ ခုနှစ် ဇွန် ၃ ရက်တွင် မီးရှို့ဖျက်ဆီးခြင်းခံရသည့်အတွက် တမူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သပြေရွှေထီးအဆောင်၏ အပေါ်ထပ်တွင် ရုံးလုပ်ငန်းများ ဆောင်ရွက်နေရပါကြောင်း။

ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ပညာရေးမှူးရုံးတွင် ပေ ၁၀၀ x ၃၀ RC နှစ်ထပ် အသစ် ဆောက်လုပ်နိုင်ရန်အတွက် လာမည့်ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း တည်ဆောက်ရေးဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးဗိုလ်သိန်းနိုင်၏ **၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ စတင်ဝင်ရောက်လာသော KG တန်းကျောင်းသားများမှအစပြု၍ မူလတန်းပညာရေးတွင် နိုင်ငံချစ်စိတ်ရှိလာရေး၊ လောကနီတိများကို သိရှိနားလည်လာရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်ရရှိလာရေးတို့ကိုဖြစ်ပေါ်စေမည့် ပညာရေးအထူးစီမံချက်(အထူးစီမံချက်)များ ရည်မှန်းဆောင်ရွက်ထားခြင်းရှိ၊ မရှိသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ယဉ်ကျေးသိမ်မွေ့သောလူသားအရင်းအမြစ်များ တိုးတက်ရရှိလာရေးတို့ကိုဖြစ်ပေါ်စေမည့် စာရိတ္တပိုင်းဆိုင်ရာ ကျင့်ဝတ်နှင့် ပြည်သူ့နီတိသဘောတရားများ ထည့်သွင်းရေးဆွဲထားသည့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို Grade 1 မှ Grade 11 ထိ ရေးဆွဲပြဋ္ဌာန်းသင်ကြားစေလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် Unicef Myanmar တို့ ပူးပေါင်းပြီး ကျောင်းအခြေပြု မူလတန်းကြိုကျောင်းများရှိ ကလေးများအတွက် ပုံပြင်စာအုပ်များဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ မူလတန်းကြို၊ သူငယ်တန်းနှင့် မူလတန်းပညာရေးလုပ်ငန်းများ အားကောင်းလာစေရေးအတွက်လည်း အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ တွင် ထည့်သွင်းရေးဆွဲခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၂၁-၂၀၃၀ တွင်လည်း ဆက်လက်ထည့်သွင်းပြီး မဏ္ဍိုင်-၁ အခွင့်အလမ်းနှင့် လူတိုင်းအကျုံးဝင်မှု၊ မဏ္ဍိုင်-၂ သင်ရိုးညွှန်းတမ်း၊ မဏ္ဍိုင်-၃ ပညာသင်ကြားသင်ယူမှု၊ မဏ္ဍိုင်-၇ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များအရ သူငယ်တန်းနှင့် မူလတန်းဆရာ၊ ဆရာမများအတွက် ဆရာလမ်းညွှန်များအပါအဝင် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ အခြေခံအဆောက်အအုံများ စွမ်းရည်မြှင့်တင်ရေး သင်တန်းပေးခြင်းများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ရှိနေသော ကျောင်းနေအရွယ်လွန် ကလေးလူငယ်များအတွက် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်နှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျောင်းပြင်ပ မူလတန်းပညာရေးတွင် ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ နိုင်ငံချစ်စိတ်ရှိလာရေး၊ လောကနီတိများကို သိရှိနားလည်လာရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်လာစေရန်အတွက် ကျောင်းပြင်ပ မူလတန်းပညာရေးပြဋ္ဌာန်းသင်ရိုးပထမဆင့်တွင် ရုပ်ပြကတ်များဖြင့်လည်းကောင်း၊ ဒုတိယဆင့်တွင် အထွေထွေဘာသာရပ်(စာရိတ္တနှင့်ပြည်သူ့နီတိ)တွင်လည်းကောင်း သင်ကြားပေးလျက်ရှိပါကြောင်း။

သို့ပါ၍ KG တန်း ကျောင်းသားများမှအစပြု၍ ကျောင်းသား၊ ကျောင်းသူများ နိုင်ငံချစ်စိတ်ရှိလာစေရေး၊ လောကနီတိများကိုသိရှိနားလည်လာစေရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်ရရှိလာစေရေးတို့အတွက် ပိုမိုရေရှည်တည်တံ့ခိုင်မြဲပြီး ထိရောက်အောင်မြင်စေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းထားရှိပြီး KG ကလေးများကို ပြုစုပျိုးထောင်ပေးလျက်ရှိပြီး ရေတိုရေရှည်စီမံကိန်းများချမှတ်ပြီး စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို အောက်တိုဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင် ကြည့်ရန်

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန် လူငယ်မောင်မယ်များ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် မျိုးဆက်သစ်ထူးချွန် လူငယ်မောင်မယ်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သားသမီး၊ ကျောင်းသား၊ကျောင်းသူများနှင့်ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့်အသိပညာများ အတုယူလေ့လာနိုင်စေရန်အတွက် ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်ရာ အဆိုပါ လေ့လာရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

အဆိုပါထူးချွန်လူငယ်များပါဝင်သည့် လေ့လာရေးအဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ကျောင်းသား၊ ကျောင်းသူများ၏မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီးလိုက်လံအားပေးပြီးပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါထူးချွန်လူငယ်များပါဝင်သည့် လေ့လာရေးအဖွဲ့တွင် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသောကျောင်းသား၊ ကျောင်းသူ ၁၆ ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး လူရည်ချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦး၊ ဂုဏ်ထူးသုံးဘာသာဖြင့်အောင်မြင်သော စစ်သည်နှစ်ဦး၊ ကျောင်းအုပ်ကြီး တစ်ဦး၊ အုပ်ချုပ်မှုတာဝန်ခံ လေးဦး စုစုပေါင်း ဦးရေ ၃၀ တို့ပါဝင်ကြပြီး ဗီယက်နမ်နိုင်ငံ၌ အောက်တိုဘာ ၂၆ ရက်ထိ လေ့လာရေးခရီးစဉ်ကာလအတွင်း ဗီယက်နမ်နိုင်ငံရှိ FPT Software Center နှင့် viettel Academy၊ ဗီယက်နမ် Data Base စီမံခန့်ခွဲရေးကုမ္ပဏီ၏ Data Center၊ ဗီယက်နမ်နိုင်ငံ၏ ပထမဆုံး တက္ကသိုလ်(Quoc Tu Giam)ရှိ စာပေဗိမာန်(Temple Of literature)၊ ဗီယက်နမ်နိုင်ငံ၏ သက်တမ်းအရင့်ဆုံး ဘုရားကျောင်းများထဲမှတစ်ဆူဖြစ်သည့် West Lake ရှိ ဗုဒ္ဓဘာသာဝင်တို့၏ Tran Quoc ဘုရားကျောင်း၊ ရှေးဟောင်းမြို့တော် (Hoa Lu မြို့၊ ကမ္ဘာ့အမွေအနှစ်နေရာများ ဖြစ်သည့် Trang An (ထရန်အန်)၊ Holong Bay နှင့် အခြားအထင်ကရနေရာများသို့ သွားရောက် လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သား မိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးနှင့်စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သားသမီးများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန်လူငယ်များကို ၂၀၂၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသို့ သွားရောက်လေ့လာကြမည့် မျိုးဆက်သစ်ထူးချွန်ကျောင်းသား၊ကျောင်းသူများ၏ လေ့လာရေးခရီးစဉ်နှင့်ပတ်သက်၍ ပြောကြားမှုများကို ယခုကဲ့သို့ကြားသိရပါသည်-

"ကျွန်တော်က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဂုဏ်ထူး ခြောက်ဘာသာ အမှတ်ပေါင်း ၅၃၄ မှတ်နဲ့အောင်မြင်ခဲ့ပြီးတော့ ၂၀၂၆ ခုနှစ် Grade 12 လူရည်ချွန်တစ်ယောက်လဲ ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်က စာမေးပွဲအောင်ဖို့အတွက် ကျက်မှတ်ခဲ့တဲ့ ပုံစံမျိုးမဟုတ်ဘဲ စာတွေကို လုံးဝနားလည်တဲ့ထိ လေ့လာမှတ်သားခဲ့ပါတယ်။ နားမလည်တဲ့စာတွေကိုလဲ ဆရာ၊ ဆရာမတွေရဲ့ အကူအညီနဲ့ ကြိုးစားလေ့လာခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်အချိန်ဇယားတွေရေးဆွဲခဲ့တယ်။ စာတွေကို ပုံမှန်လုပ်တယ်။ ကျွန်တော် အားမရတဲ့ဘာသာတွေကို ပိုပြီးတော့ အချိန်ပေး လုပ်ဖြစ်ခဲ့ပါတယ်ခင်ဗျ။ ကျွန်တော့်မိဘတွေရဲ့ အားပေးမှု၊ ဆရာ၊ ဆရာမတွေရဲ့ လမ်းညွှန်သင်ပြမှုနဲ့ ကျွန်တော်ကိုယ်တိုင်ရဲ့ ကြိုးစားအားထုတ်မှုကြောင့် ယခုလိုအောင်မြင်မှုမျိုး ရရှိခဲ့တာပဲဖြစ်ပါတယ်ခင်ဗျ။ အခုဒီလေ့လာရေး ခရီးစဉ်မှာဆိုရင်ဖြင့် ဗီယက်နမ်နိုင်ငံရဲ့ နည်းပညာနဲ့ပညာရေးကဏ္ဍတွေကို အဓိကထားပြီးလေ့လာသွားမှာပဲ ဖြစ်ပါတယ်ခင်ဗျ။ ဒီဗီယက်နမ်နိုင်ငံရဲ့ နာမည်ကြီးကုမ္ပဏီဖြစ်တဲ့ Viettel Company ရဲ့ ဆော့ဝဲလ်တွေအကြောင်း Tele Company ရဲ့ အကြောင်းတွေကို လေ့လာသွားမှာပဲဖြစ်ပါတယ်ခင်ဗျ။ အခုလို လေ့လာရေးခရီးစဉ်သွားရတဲ့ အခွင့်အရေးကို သေချာအသုံးချပြီးတော့ လေ့လာမှတ်သားခဲ့သမျှတွေကို အများပြည်သူနဲ့ ကျွန်တော်တို့ရဲ့ အနာဂတ်အတွက် အကျိုးရှိစွာအသုံးချသွားမှာ ဖြစ်ပါတယ်ခင်ဗျ။ အနာဂတ်မှာလဲ ကျွန်တော်ဟာ အများပြည်သူနဲ့တိုင်းပြည်ကို အကျိုးပြုနိုင်မယ့် ဆရာဝန်ကောင်းတစ်ယောက်အနေနဲ့ ဆက်လက်ကြိုးပမ်းသွားမှာပဲ ဖြစ်ပါတယ်ခင်ဗျ။ ညီလေး၊ ညီမလေးတွေအတွက်ကတော့ ကိုယ်ရည်မှန်းချက်ရှိတာကို တစိုက်မတ်မတ်လုပ်ပြီးတော့ မဆုတ်မနစ်ကြိုးစားဖို့ပဲ ဖြစ်ပါတယ်။ လျှောက်တဲ့လမ်းကိုလဲ အဆုံးထိဆက်သွားဖို့ အားပေးချင်ပါတယ်ခင်ဗျ။ အခုလို ကျွန်တော်တို့ ထူးချွန်ကျောင်းသား၊ ကျောင်းသူတွေကို လေ့လာရေးခရီးစဉ် ဆောင်ရွက်ပေးတဲ့အတွက် နိုင်ငံတော်သမ္မတကြီးနှင့်တကွ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် နောက်ပြီးတော့ ဒီ MEC က စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိလူကြီးမင်းအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျ"ဟု ပြောသည်။







"ညီမက အထက-၁ ဟုမ္မလင်းကနေပြီးတော့မှ ဂုဏ်ထူး လေးဘာသာနဲ့ အောင်မြင်ခဲ့တဲ့ နှစ်ထပ်ကွမ်း လူရည်ချွန်တစ်ယောက်ဖြစ်ပါတယ်။ Grade 12 ကာလအတွင်းမှာဆိုရင် ဆရာတွေချမှတ်ပေးခဲ့တဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း၊ လမ်းညွှန်ချက်တွေအတိုင်း၊ အချိန်ဇယားတွေအတိုင်းကို သေသေချာချာလိုက်လုပ်ဖြစ်ခဲ့ပါတယ်ရှင့်။ အရာရာတိုင်းမှာလဲ တစ်နေ့စာ တစ်နေ့ကို ပုံမှန် ခြောက်ဘာသာလုံးကို မျှမျှတတနဲ့လေ့လာဖြစ်ခဲ့ပါတယ်ရှင့်။ ညီမအနေနဲ့ကတော့ ပထမဆုံး ရည်မှန်းချက်ကတော့ ဆရာဝန်တစ်ယောက် ဖြစ်ချင်တာပေါ့နော်။ ပြီးတော့မှ ဒီဆရာဝန်ကနေပြီးတော့မှ ပရဟိတလုပ်ငန်းတွေ ဆေးပညာအခြေပြုပြီးတော့မှ လူကုန်ကူးခံရမှုနဲ့ပတ်သက်တဲ့ ပရဟိတလုပ်ငန်းတွေလဲ လုပ်ချင်ပါတယ်ရှင့်။ ပထမဆုံးအနေနဲ့ ဒီခရီးစဉ်ကို စီစဉ်ပေးတဲ့ လူကြီးတွေကို ကျေးဇူးတင်စကားပြောချင်ပါတယ်ရှင့်။ ဘာလို့လဲဆိုတော့ ကျွန်မတို့လိုမျိုး ကျောင်းသားတွေကို အထူးတလည် အခွင့်အလမ်းပေးပြီးတော့မှ နိုင်ငံသစ်မှာ အတွေ့အကြုံသစ်တွေ ဗဟုသုတအသစ်တွေကို ရှာဖွေခွင့်ပေးတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်ရှင့်။ ဒီဗီယက်နမ်နိုင်ငံဟာ နည်းပညာ တိုးတက်တဲ့နိုင်ငံဖြစ်လို့ ဒီနိုင်ငံရဲ့ တိုးတက်နေတဲ့နည်းပညာတွေကို ပထမဦးဆုံးလေ့လာချင်ပါတယ်ရှင့်။ နောက်ပြီးတော့မှ ဒီနိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ ရှေးဟောင်းဗိသုကာလက်ရာတွေကို လေ့လာချင်ပါတယ်ရှင့်" ဟု ပြောသည်။

"ကျွန်တော် အမှတ်(၂)ပညာရေးကျောင်း မိတ္ထီလာမြို့က ပထဝီ၊ သမိုင်း၊ ဘောဂ ဂုဏ်ထူးသုံးဘာသာဖြင့် အောင်မြင်ခဲ့ပါတယ်။ နှစ်စကနေစပြီးတော့ စာကိုပဲ တစိုက်မတ်မတ် သေချာအာရုံစိုက်ပြီးတော့ ကြိုးစားခဲ့ပါတယ်ဗျ။ လက်ရှိခရီးစဉ်မှာတော့ ကျွန်တော်တို့ အဓိကအနေနဲ့ကတော့ နည်းပညာပိုင်းတွေကို လေ့လာသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်၊ တပ်မတော်နဲ့ ပြည်သူတို့အတွက် အားကိုးအားထားရတဲ့ တပ်မတော်သားကောင်း တစ်ယောက်ဖြစ်လာဖို့ ရည်မှန်းထားပါတယ်ခင်ဗျ"ဟု ပြောသည်။ (၅၀၁)

# ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များကို သွားရောက်တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့်အရန်အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များကို အမှာစကားပြောကြားစဉ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ကျင်းပသည့် အာရှဒေသယဉ်ကျေးမှုအမွေအနှစ်မဟာမိတ်အဖွဲ့(Alliance for Cultural Heritage in Asia-ACHA) စတုတ္ထအကြိမ်မြောက် ကောင်စီအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအေးထွန်း တက်ရောက်




နေပြည်တော် အောက်တိုဘာ ၂၀

အာရှဒေသ ယဉ်ကျေးမှုအမွေအနှစ် မဟာမိတ်အဖွဲ့ (Alliance for Cultural Heritage in Asia-ACHA) စတုတ္ထအကြိမ်မြောက် ကောင်စီအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက် နှစ်ရက်တာ ကျင်းပခဲ့ရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း ပါဝင်တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ဟန်ကျိုးမြို့ Liangzhu Narada Resort ရှိအစည်းအဝေးခန်းမ၌ တရုတ်နိုင်ငံ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲရေးဌာန အကြီးအကဲ Mr. Qiao Yunfei နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ACHA ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝသော နိုင်ငံများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကိုသာမက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုပါ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အထူးအလေးပေးဆောင်ရွက်နေသကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်သော “သနပ်ခါးယဉ်ကျေးမှုဓလေ့”ကို ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေး အဆိုပြုတင်ပြထားရာ ယခုနှစ်ဒီဇင်ဘာလတွင် အဆုံးအဖြတ်ပေးမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့အတူ Mr. Qiao Yunfei က တရုတ်-မြန်မာ နှစ်နိုင်ငံ၏ တူညီသောယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ရှေးဟောင်းပေစာမှတ်တမ်းများကို ကာကွယ်ထိန်းသိမ်းခြင်းအစီအစဉ်နှင့် သဘာဝဘေးအန္တရာယ်မကျရောက်မီ၊ ကျရောက်ဆဲ၊ ကျရောက်ပြီးကာလများအတွက် စီမံခန့်ခွဲမှုလက်တွေ့သင်ကြားပေးခြင်းအစီအစဉ်များသည် ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များအတွက် အထူးပင်အကျိုးရှိသော ကိစ္စရပ်များဖြစ်သောကြောင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဟန်ကျိုးမြို့ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် လျန်ကျူးရှေးဟောင်းမြို့နှင့် လျန်ကျူးပြတိုက်တို့ကို သွားရောက်လေ့လာခဲ့သည်။

အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် Inter Continental Hangzhou Liangzhu ရှိ Jade Cong Ballroom ၌ ကျင်းပသည့် အာရှဒေသယဉ်ကျေးမှုအမွေအနှစ် မဟာမိတ်အဖွဲ့(ACHA) စတုတ္ထအကြိမ်မြောက် ကောင်စီအစည်းအဝေးဖွင့်ပွဲသို့ ပါဝင်တက်ရောက်သည်။

ဆက်လက်၍ Liangzhu 5000 + Art and Creative Park တွင် “တရုတ်ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အစိတ်အပိုင်းများကို အတုယူဆန်းသစ်ထားသည့် ဒီဇိုင်းဖန်တီးမှုဖြင့် အမွေအနှစ်များကို ပြန်လည်ရှင်သန်စေခြင်းနှင့် ယဉ်ကျေးမှုဖလှယ်မှုဖြင့် လူ့ယဉ်ကျေးမှုများကို ချိတ်ဆက်ခြင်း” ခေါင်းစဉ်ဖြင့် ကျင်းပသည့် ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုအထူးပြပွဲနှင့် ဈေးရောင်းပွဲတော်ကို သွားရောက်လေ့လာခဲ့သည်။

ညနေပိုင်းတွင် Liangzhu Narada Resort ရှိ Narada Hall ၌ ကျင်းပသည့် အာရှဒေသယဉ်ကျေးမှုအမွေအနှစ် မဟာမိတ်အဖွဲ့ စတုတ္ထအကြိမ်မြောက် ကောင်စီအစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၂ နိုင်ငံမှ ယဉ်ကျေးမှုဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် သံအမတ်များက သက်ဆိုင်ရာနိုင်ငံများကိုယ်စား အမှာစကားပြောကြားကြပြီး “အန္တရာယ်ကျရောက်နေသော ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေး” ခေါင်းစဉ်ဖြင့် ဆွေးနွေးကာ မြန်မာနိုင်ငံ၊ အီရန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ International Alliance for the Protection of Heritage (ALIPH) အဖွဲ့အစည်းတို့က တစ်နိုင်ငံချင်းအလိုက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၁၉ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀-၁၀-၂၀၂၄ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၅ ~ ၃၆၇၁ | ၅၁၇ ~ ၅၁၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၆,၆၆၈,၀၀၈.၅၆ | ၅,၀၈၀,၁၀၀.၇၂ | ၁၁,၀၁၂,၀၈၅.၁၄ | - |

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “**ပြည်သူ့ကြားကပြည်သူ့စကား**” အစီအစဉ်မှ **“ကမ်ပိန်းပေါင်းများစွာ အမည်တပ်ခွက်ခေါက်ပြီး ကိုယ်ကျိုးရှာတော်လှန်ရှင်သန်ရင်း ပြည်တွင်းစစ်မီး မွေးနေဆဲ NUG၊ PDF အကြမ်းဖက်အဖွဲ့ ”** ခေါင်းစဉ်ဖြင့် ၂၁-၁၀-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၈-၁၀-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် **“အတုလက်တွဲဖော်ဆောင်မှုရမည့် ငြိမ်းချမ်းရေးတွင် အစွန်းရောက်တစ်ဖက်ပိတ် NUG၊ PDF အဖွဲ့အစည်းအားလုံး မှန်ကန်တဲ့အသိတရားရှိရှိပါဝင်ဖို့လိုအပ်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ






**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## ● သွားရောက်လေ့လာမှု

ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သည့် Hanoi University of Science and Technology (HUST) သို့ သွားရောက်လေ့လာရာ တက္ကသိုလ်မှ တာဝန်ရှိသူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝေလင်းက ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့ပြင် Hanoi University of Science and Technology(HUST) မှ တာဝန်ရှိသူတစ်ဦးက တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် ဖွင့်လှစ်ပို့ချလျက်ရှိသည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တက္ကသိုလ်အတွင်းရှိ ပညာရေးနည်းပညာ၊ ယဉ်ကျေးမှုနှင့် သုတေသနပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သည့်ဌာနများနှင့် နည်းပညာဆိုင်ရာ သုတေသနဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ VNU University of Science (VNU–HUS) သို့ရောက်ရှိပြီး ဗီယက်နမ်ကျောင်းသားများနှင့် ထူးချွန်ကျောင်းသား၊ကျောင်းသူများအချင်းချင်း ယဉ်ကျေးမှုဖလှယ်ခြင်းများ ပြုလုပ်ခဲ့ကြပြီး NGỤY NHƯ KON TUM ခန်းမနှင့် ဇီဝဗေဒပြခန်းတို့ကို ကြည့်ရှုလေ့လာခဲ့ကာ ညနေပိုင်းတွင် သံရုံးကတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသား၊ကျောင်းသူများနှင့် ကြီးကြပ်အုပ်ချုပ်သူများသည် ပုဂ္ဂလိကတက္ကသိုလ်တစ်ခုဖြစ်သည့် VIN University သို့ရောက်ရှိပြီး တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ကြီးကြပ်အုပ်ချုပ်သူများက သီးခြားတွေ့ဆုံရာတွင် တက္ကသိုလ်မှ တာဝန်ရှိသူများက နိုင်ငံတကာ ကျောင်းသား၊ကျောင်းသူများ ပညာလာရောက်သင်ယူမှု၊ ကျောင်း၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ဌာနကြီးများ ဖွဲ့စည်းထားရှိမှု၊ နိုင်ငံတကာ ကျောင်းသား၊ ကျောင်းသူများ ပညာလေ့လာသင်ယူခွင့်အခြေအနေများနှင့် ပညာသင်ဆုလျှောက်ထားနိုင်သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာဘာသာရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ ထူးချွန်ကျောင်းသား၊ကျောင်းသူ ၃၆ ဦးနှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီး ပို့ဆောင်ပေးခဲ့ရာ အောက်တိုဘာ ၁၅ ရက်မှ ၂၀ ရက်ထိ ခြောက်ရက်ကြာ ခရီးစဉ်အတွင်း ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သို့ သွားရောက်လေ့လာခဲ့ကြပြီး ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ❑ ကြေးတံဆိပ်ဆုဆွတ်ခူးမှု

နံနက်ပိုင်းမှစတင်၍ ပြေးခုန်ပစ်၊ ရေကူးအားကစား နှစ်နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာမသန်စွမ်း ရေကူးအားကစားအဖွဲ့သည် ယနေ့ မသန်စွမ်းရေကူးအားကစားနည်း အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်းကူး (Men's 50 m Breast–stroke SB3) ပြိုင်ပွဲတွင် ဂျပန်၊ တောင်ကိုရီးယား၊ ကာဇက်စတန်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ ညီညီလင်းထက်က ၅၉ ဒသမ ၃၀ စက္ကန့်ဖြင့် မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ကြေးတံဆိပ်ဆု ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

မြန်မာမသန်စွမ်း အားကစားအဖွဲ့အနေဖြင့် အောက်တိုဘာ ၂၁ ရက်(**ယနေ့**) ၆ နာရီမိနစ်၅၀ တွင် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲများအဖြစ် အမျိုးသားမီတာ ၁၀၀ ပြေးခုန်ပစ်ပြိုင်ပွဲ၌ မြန်မာအသင်းမှ စိုးပေကလည်းကောင်း၊ ၇ နာရီ ၅၈ မိနစ်တွင် အမျိုးသမီး မီတာ ၁၀၀ ပြေးခုန်ပစ်ပြိုင်ပွဲတွင် လော်လာဝင်းတို့ကလည်းကောင်း ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ရေကူးအားကစားနည်းမှ ပြိုင်ပွဲယှဉ်ပြိုင်ရန် မရှိကြောင်းနှင့် အောက်တိုဘာ ၂၂ ရက်တွင် မြန်မာအသင်းမှ ညီညီလင်းထက်က အမျိုးသား မီတာ ၁၅၀ တစ်ဦးချင်းလေးမျိုးကူးနှင့် ၂၃ ရက်တွင် မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတို့ကို လည်းကောင်း အသီးသီး ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ✱ ဖြန့်ဖြူးပေးလျက်ရှိမှု

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ယာဉ်များအဖြစ် မှတ်ပုံတင်ခွင့်ပြုပေးထားပြီး လိုအပ်သောဓာတ်ငွေ့များကို မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၄၁ ဆိုင်မှ ဓာတ်ငွေ့လုံလောက်စွာ ဖြန့်ဖြူးရောင်းချရန် စီမံထားရှိပြီး ထိုသို့ဖြန့်ဖြူးရာတွင် ကားအစီးရေနှင့် အကြိမ်အရေအတွက် ကန့်သတ်မှုမရှိဘဲ နေ့စဉ် နံနက် ၄ နာရီမှ ည ၁၁ နာရီထိ ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။

ခရီးသွားပြည်သူများ ယာဉ်စီးခသက်သာစွာ သွားလာနိုင်ရန်အတွက်လည်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ကို 1 Kg လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ဈေးနှုန်းချိုသာစွာဖြန့်ဖြူးရောင်းချပေးလျက်ရှိကာ လက်ရှိတွင် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၄၁ ဆိုင်သို့ နေ့စဉ် YBS ယာဉ် ၃၃၀၀ ခန့်၊ Taxi ၃၁၀၀၀ ခန့်နှင့် အခြားယာဉ် ၁၅၀၀ ခန့် စုစုပေါင်းယာဉ် ၃၆၀၀၀ ခန့် (တစ်နေ့လျှင် နှစ်ကြိမ် ဖြည့်သောယာဉ်များအပါအဝင်) လာရောက်ဖြည့်သွင်းလျက်ရှိပြီး နေ့စဉ်သဘာဝဓာတ်ငွေ့ ၂၆ ကုဗပေသန်းခန့်လုံလောက်စွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ❍ တိုက်ရိုက်ထုတ်လွှင့်မည်မှ

ထိုသို့ ကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV –HD၊ MRTV – Entertainment၊ MRTV – NRC Channel၊ အကျိုးတူရုပ်သံလိုင်းများဖြစ်သော Readers' Channel၊ Channel 9၊ Sky Net Up to Date၊ Uni TV၊ Shwe Nadi Shwe Yi နှင့် Channel 24 တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD–HD Channel၊ MWD Variety – HD Channel များနှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

(သတင်းစဉ်)




ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)




တပ်မတော်စစ်ကြောင်းများက နောင်မိုးရွာမှ အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက မဲဇာရွာမှ အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများကို ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက နန့်သဲရွာမှ အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများကို ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။






အကြမ်းဖက်သောင်းကျန်းသူများက ကျောက်တောရွာသစ်အနီး ဘန်ကာများ၊ ပစ်ကျင်းများ၊ ခံစစ်ကျင်းများတူး၍ စစ်စခန်းအဖြစ်အသုံးပြုထားမှု မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

ဆက်သွယ်ရေး လမ်းကြောင်းပေါ်တွင် အခြေပြု၍ ခံစစ်စခန်းများ တည်ဆောက်ကာ ခရီးသွားပြည်သူများထံမှ ဆက်ကြေးကောက်ခံခြင်း၊ ပြည်သူများကို ဖမ်းဆီးနှိပ်စက်ခြင်း၊ ၎င်းတို့အလိုမကျပါက သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အတွက် ဒေသခံများအနေဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများတွင် အခက်အခဲများဖြစ်ပေါ်ကာ စားရေရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံးပစ္စည်းများ မရောက်ရှိတော့ခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းများပြတ်လပ်ပြီး ကုန်ချောများလည်း ဈေးကွက်သို့မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်းလာသည့်အပြင် အကြမ်းဖက်သမားများ၏ အနိုင်ကျင့်နှိပ်စက်မှုများကိုလည်း ခါးသီးစွာခံစားရလျက်ရှိသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက ပြည်သူလူထုအတွက် အဓိကအရေးပါသော အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မြို့ရွာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး- မတ္တရာ- သပိတ်ကျင်း- တကောင်း- ထီးချိုင့်- ကသာ- အင်းတော်- မော်လူး- နန့်စီးအောင်- မိုးညှင်း- မိုးကောင်း- မြစ်ကြီးနား ဆက်သွယ်ရေး လမ်းကြောင်းတစ်လျှောက်ကိုလည်း ၂၀၂၆ ခုနှစ် မေ ၆ ရက်တွင် အပြည့်အဝထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသတွင်းကုန်စည်စီးဆင်း ကူးသန်းရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ပညာရေး၊ ကျန်းမာရေးစသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ဆက်လက်၍ အင်းတော်- ဝန်းသို- ကောလင်းလမ်းကြောင်းနှင့် အင်းတော်- မအူကုန်း-ကျောက်တန်း လမ်းကြောင်းပေါ်တွင်အခြေပြု၍ ခံစစ်စခန်းငယ်များဆောက်လုပ်ကာ ခရီးသွားပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက်နေသော အကြမ်းဖက် သောင်းကျန်းသူများ၏ အခြေပြုစခန်းများကို ရှင်းလင်းနိုင်ရေး တပ်မတော်စစ်ကြောင်းများက အင်းတော်မြို့တွင် စနစ်တကျစုဖွဲ့ကာ စစ်ကြောင်းများခွဲပြီး ဟန်ချက်ညီညီချီတက်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် လယ်နောင်ကျေးရွာနှင့် ကမ်းနီကျေးရွာတို့ကိုလည်းကောင်း၊ အောက်တိုဘာ ၉ရက်တွင် ပင့်သချေကျေးရွာ၊ မဲဇာကျေးရွာ၊ လယ်ဇင်ကျေးရွာနှင့် နန့်သဲကျေးရွာတို့ကိုလည်းကောင်း၊ အောက်တိုဘာ ၁၂ရက်တွင် ကျောက်တောကျေးရွာအနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်းတစ်ခုနှင့် ကြိမ်ချောင်းကျေးရွာတို့ကိုလည်းကောင်း၊ အောက်တိုဘာ ၁၃ ရက်တွင် ပိန်းအင်းကျေးရွာကိုလည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်တွင် ဆင်ကုန်းကျေးရွာကိုလည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် ညောင်ကိုင်းကျေးရွာနှင့် ထန်းတပင်ကျေးရွာတို့ကိုလည်းကောင်း၊ အောက်တိုဘာ ၁၈ ရက်တွင် နမ်းခမ်းကျေးရွာ၊ လယ်ပြင်ကျေးရွာနှင့် မအူကုန်းကျေးရွာတို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်းသိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းပေါ်ရှိ ကျေးရွာများကို ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ငယ် ထိတွေ့မှုစုစုပေါင်း ၃၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၈ လောင်း၊ လက်နက် မျိုးစုံ ၁၉ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် အဆိုပါဒေသတစ်ဝိုက်ကို ယာယီစိုးမိုးထားစဉ်အတွင်း ကျေးရွာများအတွင်း ဆက်သွယ်ရေးမြောင်းများတူးကာ ပြည်သူလူထုနေအိမ်များနှင့် ခြံစည်းရိုးများတွင် ဘန်ကာများပြုလုပ်ကာ အခိုင်အမာခံစစ်ဆင်၍ အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရသည်။ထို့ပြင် ဆက်သွယ်ရေးလမ်းကြောင်းများကိုပိတ်ဆို့၍ အဆိုပါလမ်းကြောင်းပေါ်၌ သွားလာလျက်ရှိသော ခရီးသွားမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များကို ဆက်ကြေးကောက်ခြင်း၊ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်ခဲ့ကြရာ ဒေသတွင်းကုန်စည်စီးဆင်းမှုများ နှောင့်နှေးခဲ့ရပြီး ကုန်ဈေးနှုန်းများကြီးမြင့်ကာ ပြည်သူလူထုအနေဖြင့်လည်း လူမှုစီးပွားဘဝများ အဘက်ဘက်မှနိမ့်ပါးခဲ့ရသည်။

စာမျက်နှာ ၂၃သို့



ထန်းတပင်ရွာအနီး အကြမ်းဖက် သောင်းကျန်းသူများထံမှ သိမ်းဆိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

သစ်ပုံလွင်ရွာအနီး အကြမ်းဖက် သောင်းကျန်းသူများထံမှ သိမ်းဆိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။





မဲဇာကျေးရွာအနီး အကြမ်းဖက် သောင်းကျန်းသူများထံမှ သိမ်းဆိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

ဂျုံးဂျုံးကျ ကျေးရွာအနီး အကြမ်းဖက် သောင်းကျန်းသူ များထံမှ သိမ်းဆိုက် ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ် ပစ္စည်းများကို တွေ့ရစဉ်။



**စာမျက်နှာ ၂၂ မှအဆက်**

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးကဏ္ဍတို့ကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် လိုအပ်သည်များကို ပြည်သူလူထုနှင့်လက်တွဲ၍ ဆက်လက်ဖော်ဆောင် ပေးသွားမည်ဖြစ်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

◆ **လက်ဝှေ့ပြိုင်ပွဲမှ**

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၅၁၊ ၆၀၊ ၆၃ ဒသမ ၅၊ ၆၇၊ ၇၁ ကီလိုတန်းပြိုင်ပွဲများနှင့် အမျိုးသမီး ၅၄၊ ၆၃ ကီလိုတန်းပြိုင်ပွဲများကို အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ၅၁ ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ထက်နိုင်အောင်က တနင်္သာရီတိုင်းဒေသကြီး အသင်းမှ လွင်မျိုးသန့်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ထက်မြတ်လွင်က ချင်းပြည်နယ်အသင်းမှ တမ်ဟာရှိန်းကိုလည်းကောင်း၊ ကီလို ၆၀ တန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဇော်လင်းထွေးက မွန်ပြည်နယ်အသင်းမှ လင်းခန့်မောင်မောင်ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်သူရက မန္တလေးတိုင်းဒေသကြီး အသင်းမှ ဉာဏ်လင်းအောင်ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ သီဟအောင်က စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှ လာဗျက်ကဲလ်ကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အောင်ခန့်ဖြိုးက ရခိုင်ပြည်နယ်အသင်းမှ အောင်မင်းခန့်ကိုလည်းကောင်း၊ ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ မင်းကျော်ဇင်က ချင်းပြည်နယ်အသင်းမှ စောကဆာမိုးကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အေးကိုဇင်က ပဲခူးတိုင်းဒေသကြီးအသင်းမှ ဘုန်းမြင့်မောင်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လုံဂျုံရိန်ကြွယ်နော်က ကချင်ပြည်နယ်အသင်းမှ ရှားလုံနော်ဆန့်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ ဟိန်းစိုးဦးက ရခိုင်ပြည်နယ် အသင်းမှ ဒီပကိုလည်းကောင်း၊ အမျိုးသား ၆၇ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဇင်မင်းကိုက မွန်ပြည်နယ် အသင်းမှ မင်းသွင်ဖြိုးကိုလည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ယော်ဘောမ်က စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှ ရှိန်းထက်ကျော်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ တန်မိုင်က ချင်းပြည်နယ်အသင်းမှ အောင်ဇေမြတ်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ အောင်မြင့်ထွန်းက ရခိုင်ပြည်နယ်အသင်းမှ အောင်ဖြိုးပိုင်ကိုလည်းကောင်း၊ အမျိုးသား ကီလို ၇၀ တန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ စည်သူထက်က ရခိုင်ပြည်နယ်အသင်းမှ ဝင်းလှိုင်ထွန်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စချစ်လင်းဇော်က မန္တလေးတိုင်းဒေသကြီးအသင်းမှ ဟန်ထက်အောင်ကို လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။



အလားတူ အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ နန်းခင်နှင်းထက်က ရှမ်းပြည်နယ်အသင်းမှ ယုယုမေကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ညောင်ရှမ်းဟွဲ့က ပဲခူးတိုင်းဒေသကြီးအသင်းမှ သွယ်ဇင်ယွန်းကိုလည်းကောင်း၊ ၆၃ ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ နန်းခင်မာဦးက တနင်္သာရီတိုင်းဒေသကြီးအသင်းမှ သန္တာထွန်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ဇင်မာဝေက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ချမ်းပြည့်စိုးကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အောက်တိုဘာ ၂၃ ရက်(**ယနေ့**)မွန်းလွဲ ၂ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၄ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| **ရုံးချုပ်(နေပြည်တော်)** | - | ၀၆၇-၃၄၀၅၀၉၉ |
| **နေပြည်တော်ရုံး** | - | ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄ |
| **တိုင်းဒေသကြီးရုံး(ရန်ကုန်)** | - | ၀၉-၉၅၄၉၂၁၀၀၀ |
| **တိုင်းဒေသကြီးရုံး(မန္တလေး)** | - | ၀၉-၄၃၀၉၆၉၈၀ |

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

❖ ရွှေကုက္ကိုလ်မှ

အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများကို အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံတစ်လုံးကို ယနေ့ထိ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် နှစ်လုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံကို မဖြိုဖျက်မီတွေ့ရစဉ်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့်သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေ ချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Case Officer and Interpreter Ms. Maria Alexandra G.Contreras နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၂၈၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၄၁၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသားဦးရေ ၁၁၈၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၁၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၄၇၁ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၁၉ ဦး တို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။


အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

(၅၀၁)

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၆၇၀၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ချောင်းဦး အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၆၇၀၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၀၉၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၆၇၀၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၄၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်း ဧက ၁၀၉၅၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းတွေစိုက်ပျိုးချိန်မှာလဲ တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေနဲ့ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို လုပ်ဆောင်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍သိရသည်။

(၂၀၆)

# ပျဉ်းမနားမြို့နယ် ရှမ်းစုကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှမ်းစုကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေနှင့်ဝန်ထမ်းများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ရှမ်းစုကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



အဆိုပါ ရှမ်းစုကြီးကျေးရွာ၌ အရှည် ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၂ သန်းဖြင့် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

သံသာ

# ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်အုပ်ကျေးရွာအုပ်စု စံပြကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်က မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းမူဘောင်များ၊ အတိုးနှုန်းနှင့် စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်က စံပြကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စံပြကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ၊ အသေးစားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# မြင့်မြတ်သူတို့ တန်ဖိုး

\- ကံရိပ်စေပါး..
လူသားဘဝ ပိုင်ဆိုင်ရချိန်
ဒုက္ခ သုခ တူမျှကြောင်းကျိုး
ကောင်းဆိုးထွေလီ ကြုံရမည်သာ။

\- ဉာသို့ကြုံခိုက် မည်းိုးငိုက်ဘဲ
ကျွမ်းမြိုက်သင့်ဒဏ် လောကစံ၏
ဖန်လာသမျှ ကျောခိုင်းပြုလျက်
အန်တုလှုပ်ရှား ရပ်တည်သွားသူ
လူသားပီသလေသူပင်။

\- လူသားပီသ တင့်တယ်ရအောင်
ဘဝတစ်လျှောက် ကိုယ်တည်ဆောက်ရာ
သက်ရောက်ထင်ဟပ် ကိုယ့်လုပ်ရပ်တွေ
ဖြတ်သန်းခတ်နှိပ် ကိုယ့်ပုံရိပ်တွေ
မွေ့သိပ်ကိန်းအောင်း ကိုယ့်ကောက်ကြောင်းတွေ
ပြန်ပြောင်းဆန်းစစ် အနှစ် အကာ
သေချာနှိုင်းချင့် ရှုမြင်သင့်ပြီ
ပိုင်ခွင့်တန်ဖိုး ဘယ်လိုလဲ။

\- လှမ်းမြဲလှမ်းတက် ခရီးဆက်စဉ်
လက်တွေ့နှင့်ညီ ရင့်ကျက်ပြီလား
ယုံကြည်မြဲခဲ့ စွမ်းနိုင်ရဲ့လား
ဖွဲ့နှောင်အတ္တ ချည်သမျှတွေ
ခွာချနိုင်မှ ရှင်းနိုင်မှလျှင်
ဘဝစခန်း ကောင်းမွေလမ်းတွက်
မှတ်တမ်းကောင်းထပ် တန်ဖိုးမြတ်လိမ့်
ရပ်တည်လွဲမှား စွန်းတရားဖြင့်
ခါးသီးဖွယ်ပေ နွမ်းညစ်လေလျက်
ကောင်းမွေမချန် မကြွင်းကျန်သော်
တန်ဖိုးမဲ့ရ စာမျက်နှာ....
ကိုယ်ပြဋ္ဌာန်းခဲ့ ကိုယ့်ကြမ္မာ....
တန်ဖိုးမြင့်မြတ်သူတို့သာ....
ပြောထုံးဖြစ်လျက် မွေးစေမှာ.....။ ။

မင်းသွေးနွယ် (ဇီးကုန်း)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ကျေးလက်ဒေသ မိုက်ခရိုဂရစ် လျှပ်စစ်ကွန်ရက်များတည်ဆောက်နိုင်ရေး

**မောင်မောင်စွယ်စုံထွန်း**



၂၀၁၀ ပြည့်နှစ်မတိုင်မီက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် နွားချေး ၁ ဒသမ ၈ ကီလိုဂရမ်ခန့်မှ ထွက်ရှိသော Biogas သည် မီးအား ၁၄၀၀ ဝပ်ခန့်ရှိ မီးစက်တစ်လုံးကို နှစ်နာရီခန့် မောင်းနှင်နိုင်စွမ်းရှိသည့် Gas Storage အုတ်ကန်များတည်ဆောက်၍ လျှပ်စစ်ထုတ်လုပ်နိုင်ကြောင်းကို ကျေးရွာတချို့၌ သရုပ်ဖော်ထုတ်လုပ်ပြသခဲ့ဖူးသည်။ သို့သော် ထိုစဉ်ကပင် အဆိုပါစနစ်တစ်ခုတည်ဆောက်ရန် ငွေကျပ်သိန်း ၄၀ ခန့်ထိ ကုန်ကျခဲ့မှုကြောင့် ထိုစရိတ်ကို လျှော့ချနိုင်ရန် ကုန်သွယ်ရေးမှကျွမ်းကျင်သူများက ဝါး၊ ရော်ဘာရည်၊ ပလတ်စတစ်ပေါင်းစပ်ပြုလုပ်ထားသည့် Gas Storage Tube တစ်လုံးလျှင် ငွေကျပ် ငါးသိန်းနှင့် Gas Engine ငွေကျပ် ငါးသိန်းသာကုန်ကျသော Biogas Generator မျိုးကို တီထွင်ဖန်တီး၍ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကျေးရွာ ၂၀ ကျော်၌ တပ်ဆင်၍ ကျေးလက်လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးခဲ့ဖူးသည်။

ထိုသို့ ပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြရာတွင် ရည်ရွယ်ချက်ကောင်းသော်လည်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနနှစ်ခုစလုံး အောင်မြင်အောင်မဆောင်ရွက်နိုင်ခဲ့ပါ။ ပြန်လည်သုံးသပ်ကြည့်သည့်အခါ ရွာသူ၊ ရွာသားများသည် မွေးမြူထားသောနွားချေးများကို နွားချေးလှောင်ကန် Gas Storage Tube သို့ နေ့စဉ်ပုံမှန်လာရောက်မထည့်ကြသည့်ပြဿနာကြောင့် ရေရှည်အဆင်မပြေဖြစ်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရသည်။ ထိုစဉ်က ကျေးရွာတွင် နွား၊ ကြက်၊ ဝက်ချေးများကို စုပေါင်း၍ Biogas ဖြင့် ပုဂ္ဂလိကပိုင် လျှပ်စစ်ထုတ်လုပ်ရောင်းချသည့်စနစ်မျိုးတစ်ခု လုပ်ဆောင်နိုင်ခဲ့မှသာလျှင် မိုက်ခရိုဂရစ်လျှပ်စစ်ကွန်ရက်(Microgrid Electricity Network)သည် အောင်မြင်နိုင်ခဲ့မည်ဖြစ်သည်ကိုတွေ့ရှိခဲ့ရသည်။ အကြောင်းရင်းမှာမည်သည့်လုပ်ငန်းဖြစ်စေ အကျိုးအမြတ်ကိုသာ ဦးတည်နေသည်ဖြစ်ရာ စီးပွားရေးဆန်ဆန်ဆောင်ရွက်ပြသနိုင်မှသာလျှင်၊ အကျိုးရှိမှုကိုသိကြမှသာလျှင် အောင်မြင်မည်ဟု ဆိုလိုခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ကျေးလက်ကုန်ထုတ်လုပ်ငန်း(MSME)များစွာ ပေါ်ထွန်းလာလျက်ရှိရာ လျှပ်စစ်မရှိလျှင် မဖွံ့ဖြိုးနိုင်သည့်အခြေအနေဖြစ်လာသောကြောင့် Microgrid Electricity Network အတွက် ပုဂ္ဂလိကပိုင် လျှပ်စစ်ထုတ်လုပ် ရောင်းချသည့်စနစ်(Private Electricity Generation and Sales System)ကို မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပြီး ဓီဇယ်ဓာတ်ငွေ့၊ ရေအား၊ လေအား၊ ဆိုလာအသုံးပြု၍ လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးမှုကို ကျယ်ကျယ်ပြန့်ပြန့် Minigrid နှင့် Microgrid များအနေဖြင့် လုပ်ကိုင်နိုင်မည်ဆိုလျှင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ(Rural Development Process)အတွက် များစွာအကျိုးရှိလာနိုင်မည်ဖြစ်သည်။ Microgrid ကို အစိုးရ၏မူဘောင်များနှင့်အညီ ဆောင်ရွက်နိုင်မည်ဆိုပါက "ဒေသတွင်းကိုယ်ပိုင်စွမ်းအင်စနစ် (Localized Autonomous Energy System)"ဟုလည်း ခေါ်ဆိုနိုင်သည်။

National Grid မရောက်နိုင်သေးသောဒေသများအတွက် Decentralized Energy Policy မူဝါဒနှင့် ပြည်သူလူထုအခြေပြုစနစ်များဖြင့် ဆောင်ရွက်နိုင်မှသာလျှင် လုပ်ငန်းများအောင်မြင်မှုရရှိနိုင်စေမည်ဖြစ်သည်။ တောင်ပေါ်ဒေသများတွင် Micro-Hydro Power Grid များဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်ပါက ဒေသအတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည်။ "လျှပ်စစ်ကို အိမ်မီးအတွက်သာမက စီးပွားရေးတိုးတက်မှုအတွက် အသုံးချနိုင်မှု"ကို ဦးစားပေးရွေးချယ်မှုမှန်ကန်မှသာလျှင် အောင်မြင်မှုရှိနိုင်မည်ဖြစ်သည်။ အောင်မြင်သောနိုင်ငံများတွင် "မီးရဖို့"ထက် "မီးသုံးပြီး ဝင်ငွေတိုးဖို့"ကို ဦးစားပေးသည့် မူဝါဒကိုသာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အလားတူ လျှပ်စစ်ဖြင့် ကုန်ထုတ်လုပ်ငန်းများထူထောင်မည်ဆိုပါကလည်း မီးထွန်းရန်သက်သက်ထက် ကုန်ထုတ်ခြင်းနှင့် လျှပ်စစ်ထုတ်ခြင်းတို့ကို အတွဲညီညီစဉ်းစားစီမံနိုင်မှသာလျှင် ရေရှည်အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်သည် အချို့ဒေသများနှင့် ဆန်စပါးအထူးဇုန်များတွင် ဆိုလာသုံးဆန်စက်များတိုးပွားလာရေးကို အထူးအလေးထားကြိုးပမ်းလျက်ရှိသည်ကို တွေ့ရှိရပြီး ကျေးလက်ကုန်ထုတ်သမဝါယမအသင်းမျိုးကိုသာ ထူထောင်၍ပေါင်းစပ်ပေးနိုင်ပါက "မီးရဖို့"ထက် "မီးသုံးပြီး ဝင်ငွေတိုးဖို့"ရည်မှန်းချက် ဖြစ်လာနိုင်သည်။ မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများဖြစ်သည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်ဆိုလျှင် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေများကလည်း အစဉ်အမြဲပြောင်းလဲတိုးတက်နေစေရန် အထူးလိုအပ်လျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် လျှပ်စစ်မီးရရှိရန်တို့ ပါဝင်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ကျေးလက်ဒေသ၏ ၅၁ ဒသမ ၆ ရာခိုင်နှုန်းသည် ယခုအခါ လျှပ်စစ်မီးရရှိသုံးစွဲနေသည်ကို တွေ့မြင်လာရသည်။ စွမ်းအင်ရင်းမြစ်အသုံးပြုမှုအနေဖြင့် ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုသည် ကျေးလက်ဒေသတွင် ၃၀ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ၂၉ ဒသမ ၇ ရာခိုင်နှုန်းသည် ဆိုလာစွမ်းအင်သုံးစွဲလာသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရသည်။

ထို့ကြောင့် ကျေးလက်ဒေသမီးလင်းရေးတွင် ဆိုလာစွမ်းအင်သည် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်နေသည်မှာ မငြင်းနိုင်သည့်အမှန်တရားပင်ဖြစ်သည်။ ယခုအခါ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးရည်မှန်းချက်ဖြင့် မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက်ဝေးကွာသော၊ နောင် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားမရရှိနိုင်သောကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် မဟာဓာတ်အားလိုင်းပြင်ပစနစ် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို အိမ်သုံးဆိုလာစနစ်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုကာ အသေးစားဓာတ်အားစနစ်များဖြင့် ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့မြင်ရသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ မရမကသွယ်တန်းပြီး ဓာတ်အားရယူနေမှုများလည်းလျော့ကျလာပြီး အမှန်လိုအပ်သောနေရာများအတွက်လည်း ဓာတ်အားပိုမိုဖြန့်ဖြူးပေးလာနိုင်မည်ဖြစ်၍ နှစ်ဦးနှစ်ဖက်အဆင်ပြေစေနိုင်မည်လည်းဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်မှုများတွင် နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော်နေသည့်စီမံကိန်းများရှိသကဲ့သို့ ကိုယ်ထူကိုယ်ထ ဆောင်ရွက်နေသည်များလည်းရှိသည်။

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်နေသည့်စီမံကိန်းများလည်းအပါအဝင်ဖြစ်သည်။ လက်ရှိအချိန်ထိ မြန်မာနိုင်ငံကျေးလက်ဒေသများ၌ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဆိုလာအသေးစားဓာတ်အားပေးစနစ်များမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် လေးခုမြောက်ထိရှိလာပြီဟုလည်း သိရသည်။ ထိုဒေသများသည် ရေလုပ်ငန်းကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ်လုပ်ကိုင်နေကြသောဒေသများဖြစ်သည့်အားလျော်စွာ ရေလုပ်ငန်းမှထွက်ရှိသည့် ငါး၊ ပုစွန်၊ ကင်းမွန် စသည့်ရေထွက်ကုန်များအတွက် မရှိမဖြစ်လိုအပ်နေသည့် "အအေးခန်းသိုလှောင်ရုံစနစ်"ကိုအသုံးပြုလာနိုင်သဖြင့် ရေထွက်ကုန်များကို မူလအရသာ၊ အရည်အသွေးမလျော့ပါးစေဘဲ လတ်လတ်ဆတ်ဆတ် သိုလှောင်ထားနိုင်ခြင်း၊ ကုန်ပစ္စည်းပေါသည့်အချိန်၊ ဈေးချိုသည့်အချိန်တွင် မရောင်းချဘဲ ဈေးကွက်ကောင်းသည့်အချိန်၊ စိတ်ကြိုက်ဈေးရသည့်အချိန်ထိစောင့်ဆိုင်းပြီး ချိတ်ဆက်ပေးပို့နိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနေကြပြီလည်းဖြစ်သည်။

**❖ မိုက်ခရိုဂရစ်(Microgrid)ဆိုသည်မှာ သီးခြားလည်ပတ်နိုင်စွမ်းရှိသော ဒေသန္တရလျှပ်စစ်ဓာတ်အားပေးစနစ်ငယ်တစ်ခုဖြစ်သည်။ ၎င်းတွင် ပင်မလိုင်း(Maingrid)တွင် ချိတ်ဆက်၍သော်လည်းကောင်း၊ လိုအပ်ပါက ပင်မလိုင်းမှဖြတ်တောက်ပြီး သီးခြားလွတ်လပ်စွာ(Island Mode)ဖြင့်သော်လည်းကောင်း လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်၊ သိုလှောင်ကာ ဖြန့်ဖြူးပေးသည်။ နေရောင်ခြည်စွမ်းအင်(Solar)၊ လေအား၊ ဂျင်နရေတာ စသည့်လျှပ်စစ်ထုတ်စက်များ၊ ဘက်ထရီစနစ်များ(Battery Energy Storage System)နှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ်တို့ပါဝင်သည်။ ❖**

ယနေ့မျက်မှောက်ခေတ်တွင် လျှပ်စစ်စွမ်းအင်သုံးစွဲမှုနှုန်းသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာပေးသောအရာဖြစ်ပြီး အဓိကတိုးတက်ခြင်းသည် လူနေမှုအဆင့်အတန်းကို မြင့်မားတိုးတက်စေရုံသာမက ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့ကိုပါ ထောက်ပံ့ပေးနိုင်ပြီး အသေးစားကုန်ထုတ်လုပ်ငန်းများလုပ်ကိုင်နိုင်သည့်အခွင့်အလမ်းများကိုပါ တစ်ပါတည်းရရှိလာစေမည်လည်းဖြစ်သည်။ ဆိုလာ၊ စပါးခွံ၊ ဓီဇဓာတ်ငွေ့ စသည့်အသေးစားဓာတ်အားပေးစနစ် (Microgrid) စီမံကိန်းများသည် သေးငယ်ပင်သေးငယ်သော်လည်း ကောင်းမွန်သည့်စီမံကိန်းများအဖြစ် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသမှ သာမန်ပြည်သူလူထုကို များစွာအကျိုးပြုနိုင်မည်ဖြစ်၍ နိုင်ငံတော်က အထူးအလေးထားပံ့ပိုးဆောင်ရွက်လျက်ရှိနေပြီလည်းဖြစ်သည်။

မိုက်ခရိုဂရစ်(Microgrid)ဆိုသည်မှာ သီးခြားလည်ပတ်နိုင်စွမ်းရှိသော ဒေသန္တရလျှပ်စစ်ဓာတ်အားပေးစနစ်ငယ်တစ်ခုဖြစ်သည်။ ၎င်းတွင် ပင်မလိုင်း(Maingrid)တွင် ချိတ်ဆက်၍သော်လည်းကောင်း၊ လိုအပ်ပါက ပင်မလိုင်းမှဖြတ်တောက်ပြီး သီးခြားလွတ်လပ်စွာ(Island Mode) ဖြင့်သော်လည်းကောင်း လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်၊ သိုလှောင်ကာ ဖြန့်ဖြူးပေးသည်။ နေရောင်ခြည်စွမ်းအင်(Solar)၊ လေအား၊ ဂျင်နရေတာ စသည့်လျှပ်စစ်ထုတ်စက်များ၊ ဘက်ထရီစနစ်များ(Battery Energy Storage System)နှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ်တို့ပါဝင်သည်။ ပင်မဓာတ်အားလိုင်းတွင် ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်ပါက ဤစနစ်ဖြင့် ဆက်လက်အသုံးပြုနိုင်သဖြင့် စွမ်းအင်ပြတ်တောက်မှုကို ကာကွယ်ပေးနိုင်ပြီး လျှပ်စစ်မီးကို ပိုမိုခိုင်မာအားကောင်းစေသည်။

အချုပ်အားဖြင့်ဆိုရသော် ကျေးလက်ဒေသများတွင် ဆိုလာဖြင့်ဖြစ်စေ၊ ဓီဇဓာတ်ငွေ့ဖြင့်ဖြစ်စေ၊ စပါးခွံဖြင့်ဖြစ်စေ၊ ရေအားဖြင့်ဖြစ်စေ မိုက်ခရိုဂရစ်များကို ထူထောင်ဆောင်ရွက်နိုင်လာပြီး ကုန်ထုတ်လုပ်ငန်းများပါ တွဲဖက်လုပ်ကိုင်စေခြင်းဖြင့် ဝင်ငွေလည်းရ လျှပ်စစ်မီးလည်းရရှိစေသဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝများစွာဖွံ့ဖြိုးတိုးတက်လာနိုင်စေသဖြင့် နိုင်ငံတော်၏ပံ့ပိုးမှုနှင့်အတူ ကျေးလက်နေပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ဆရာတင်နိုင်သိန်း၏ "ကျေးလက်ဒေသ မိုက်ခရိုဂရစ်ဘယ်လိုတည်ဆောက်မလဲ" ဆောင်းပါး။**
- **AI facts**

## အီကွေဒေါ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ



**ကွီတို အောက်တိုဘာ ၂၀**

အီကွေဒေါ်နိုင်ငံ ကွီတိုမြို့အနီးနှင့်အနီးပတ်ဝန်းကျင် ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း အီကွေဒေါအရေးပေါ် စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် အောက်တိုဘာ ၁၈ ရက်တွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၂၄ နာရီအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှု အန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ဒေသခံဦးရေ ၂၀၀၀ ကျော်ထိရှိခဲ့ပြီး လူဦးရေထောင်နှင့်ချီ၍ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ လမ်းမကြီးတချို့ ရေလွှမ်းနေသည့်အတွက် လမ်းမကြီးများကို ယာယီပိတ်ထားရသကဲ့သို့ ဒေသခံတချို့မှာလည်း ဘေးလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်းနိုင်ခဲ့ခြင်းမရှိသည့်အတွက် နေအိမ်ခေါင်မိုးများပေါ်တက်၍ ကယ်ဆယ်ရေး ဝန်ထမ်းများကို အကူအညီတောင်းခံခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လမ်း၊ တံတားတချို့ပျက်စီးခဲ့ကြောင်း အရေးပေါ် စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကွီတိုမြို့နဲ့ အနီးပတ်ဝန်းကျင် ဒေသတွေမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ၂၄ နာရီအတွင်း ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုကြောင့် လမ်း၊ တံတားတချို့ ပျက်စီးခဲ့ပါတယ်။ လမ်းမကြီးတချို့ပျက်စီးခဲ့သဖြင့် ယာယီပိတ်ထားရပါတယ်။ ရေဘေးဒဏ်သင့်နေတဲ့ ပြည်သူ ၂၀၀၀ ကျော်ထိရှိနေပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ရေကြီးရေလျှံမှုကြောင့် မတော်တဆဖြစ်စဉ်တစ်ခုဖြစ်သွားခဲ့ပြီး ဒေသခံတစ်ယောက် သေဆုံးခဲ့ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရသူ အမြောက်အမြားရှိနေပြီး ယာယီကယ်ဆယ်ရေး စခန်းတွေမှာ နေရာချပေးထားပါတယ်" ဟု အီကွေဒေါအရေးပေါ် စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်ပွား

**အင်ကာရာ အောက်တိုဘာ ၂၀**

တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီးမြစ်ရေ ချောင်းရေများလျှံတက်ကာ ရုတ်တရက်ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ကြောင်း အောက်တိုဘာ ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အစ္စတန်ဘူလ်မြို့၏ အရှေ့ဘက်ခြမ်းရှိ ပန်ဒစ်ခရိုင်တွင် အောက်တိုဘာ ၁၈ ရက်က မြစ်ရေ၊ ချောင်းရေများ လျှံတက်ခဲ့ပြီး ရုတ်တရက်ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း ရေစီးသန်လာမှုကြောင့် ကားတစ်စီးရေထဲမျောပါသွားခဲ့ပြီး လူနှစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

အစ္စတန်ဘူလ်မြို့နှင့် အနီးဝန်းကျင်ဒေသများတွင် အောက်တိုဘာလအတွင်း ယခုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းမှုသည် ဒုတိယအကြိမ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပထမအကြိမ် မိုးသည်းထန်စွာရွာသွန်းမှုသည် အောက်တိုဘာ ၁၄ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အစ္စတန်ဘူလ်မြို့နှင့် အိမ်နီးချင်း ကိုကေလီပြည်နယ်တို့တွင် ရုတ်တရက် ရေကြီးရေလျှံခဲ့ပြီး လူခြောက်ဦး သေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သည့် အန္တရာယ် မြင့်တက်နေသဖြင့် ဒေသခံများကို ပိုမိုသတိပြုနေထိုင်ကြရန် လိုအပ်သည်ဟု အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

## ဂျပန်နိုင်ငံ ဆာကူရာဂျီးမားမီးတောင်ပေါက်ကွဲမှုမှ ပြာမှုန်အများအပြား ထွက်နေသဖြင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ထား

**တိုကျို အောက်တိုဘာ ၂၀**

ဂျပန်နိုင်ငံ ဆာကူရာဂျီးမားမီးတောင်ပေါက်ကွဲမှုမှ ပြာမှုန်အများအပြား ထွက်နေသဖြင့် ဂျပန်မိုးလေဝသ အေဂျင်စီ၏ တိုကျိုမီးတောင် ပြာမှုန်ဆိုင်ရာ အကြံပေးဌာနက အောက်တိုဘာ ၁၉ ရက်တွင် မီးတောင်ပြာမှုန်ဆိုင်ရာ လေကြောင်းသတိပေးချက်ကို ထုတ်ပြန်ထားကြောင်း သိရသည်။

ဂျပန်နိုင်ငံရှိ ဆာကူရာဂျီးမားမီးတောင်ကို လေကြောင်းသတိပေးချက် ထုတ်ပြန်ရခြင်းမှာ အဆိုပါမီးတောင်မှ ထွက်ပေါ်လာသည့် မီးတောင်ပြာမှုန်များသည် လေယာဉ်အင်ဂျင်၊ လေကြောင်းတိုင်းတာရေး ကိရိယာများနှင့် လေယာဉ်၏ အခြားအစိတ်အပိုင်းများကို ထိခိုက်စေနိုင်ပြီး လေကြောင်းသွားလာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ဖြစ်ကြောင်း သိရသည်။



လက်ရှိ တိုကျိုမီးတောင် ပြာမှုန်ဆိုင်ရာ အကြံပေးဌာနမှ သက်ဆိုင်ရာ အာဏာပိုင်များက ဆာကူရာဂျီးမားမီးတောင် လှုပ်ရှားမှုနှင့် ပြာမှုန်ပျံ့နှံ့မှုအခြေအနေကို စောင့်ကြည့်လျက်ရှိကြောင်း၊ ထို့ပြင် လေကြောင်းဆိုင်ရာ တာဝန်ရှိသူများကလည်း ထုတ်ပြန်ထားသော သက်ဆိုင်ရာ လေကြောင်း သတိပေးချက်များကို လိုက်နာရန်လိုအပ်ကြောင်း၊ မီးတောင် ပေါက်ကွဲမှုကြောင့် ထိခိုက်သေဆုံးမှုမရှိသေးကြောင်း၊ ထို့ပြင် လေကြောင်းခရီးစဉ် ဖျက်သိမ်းမှုများလည်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## ကယ်လီဖိုးနီးယားပြည်နယ်တွင် လောင်ကျွမ်းနေသော တောမီးကို ထိန်းချုပ်လာနိုင်ပြီဖြစ်သဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းမိန့်ကို ပြန်လည်ရုပ်သိမ်း

**ဝါရှင်တန် အောက်တိုဘာ ၂၀**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အောရိန်းကောင်တီတွင် လောင်ကျွမ်းနေသော တောမီးကို အောက်တိုဘာ ၁၉ ရက်တွင် ၂၅ ရာခိုင်နှုန်းထိ ထိန်းချုပ်လာနိုင်ပြီဖြစ်သဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းမိန့်ကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

တောမီးသည် နေအိမ်များနှင့် အခြေခံအဆောက်အအုံများသို့ ကူးစက်လောင်ကျွမ်းခဲ့သည့်အတွက် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ထုတ်ပြန်ခဲ့ခြင်း ဖြစ်ကြောင်း၊ တောမီးကြောင့် သစ်တောမြေဧက ၅၇၀ ထိ မီးလောင်ကျွမ်း ပျက်စီးခဲ့သကဲ့သို့ လူနေအိမ်ခုနစ်လုံး မီးလောင်ကျွမ်းပျက်စီးခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အောရိန်းကောင်တီအနီး တောမီး လောင်ကျွမ်းမှုကြောင့် ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ထုန်ပြန်ခဲ့ရတယ်။ တောမီးကြောင့် သစ်တောမြေဧက ၅၇၀ ထိ ပျက်စီးခဲ့ပါတယ်။ တောမီးကြောင့် လူနေအိမ်ခုနစ်လုံးပျက်စီးခဲ့ပြီးတော့ ဒေသခံ အမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ တောမီးကို ထိန်းချုပ်နိုင်ဖို့အတွက် လေကြောင်းအကူအညီ ရယူခဲ့ရပါတယ်။ မီးသတ်တပ်ဖွဲ့ဝင် အင်အား အမြောက်အမြားသုံးပြီး တောမီးကို ငြိမ်းသတ်ခဲ့ပါတယ်။ ဒီနေ့မှာ တောမီးကို ၂၅ ရာခိုင်နှုန်းလောက်ထိ ထိန်းချုပ်နိုင်ပြီဖြစ်သလို လာမဲ့ရက်ပိုင်းအတွင်း တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်မှာဖြစ်တဲ့အတွက် ဘေးလွတ်ရာ ရွှေ့ပြောင်းမိန့်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါတယ်" ဟု ကယ်လီဖိုးနီးယား ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

## ဗာနေတူနိုင်ငံပိုင် MV Helpr-1 သင်္ဘောလိုင်းက မိုးခေါင်မှုကြောင့် စားနပ်ရိက္ခာမလုံလောက်မှုဖြင့်ရင်ဆိုင်နေရသည့် ဆော်လမွန်ကျွန်းကို ပံ့ပိုးမည်

**ပို့ဗီလာ အောက်တိုဘာ ၂၀**

ဗာနေတူနိုင်ငံပိုင် MV Helpr–1 သင်္ဘောလိုင်းသည် မိုးခေါင်မှုကြောင့် စားနပ်ရိက္ခာမလုံလောက်မှုဖြင့် ရင်ဆိုင်နေရသည့် ဆော်လမွန်ကျွန်းကို စားနပ်ရိက္ခာ ပံ့ပိုးသွားမည်ဖြစ်ကြောင်း သင်္ဘောလိုင်းကို စီမံခန့်ခွဲနေသည့် Respond Global ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဆော်လမွန်ကျွန်းတွင် မိုးခေါင်မှုကြောင့် စားနပ်ရိက္ခာမလုံလောက်မှုဖြင့် ရင်ဆိုင်နေရသူအများစုမှာ ရန်နယ်လ်စီရင်စုနှင့် ဘယ်လိုနာစီရင်စုမှ ဒေသခံများဖြစ်ကြကြောင်း၊ စားနပ်ရိက္ခာ ကူညီပံ့ပိုးမှုအစီအစဉ်ကို အောက်တိုဘာ ၂၀ ရက်မှ အောက်တိုဘာ ၂၅ ရက်ထိ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အယ်လ်နီညိုရာသီဥတု အားပိုကောင်းလာသည့်အတွက်ကြောင့် မိုးခေါင်မှုပြဿနာမှာ အခြေအနေ ပိုမိုဆိုးရွားသွားနိုင်ပြီး စားနပ်ရိက္ခာ မလုံလောက်မှု ပြဿနာဖြင့် ကာလရှည်ရင်ဆိုင်သွားရနိုင်သည့် အခြေအနေဖြစ်ကြောင်း Respond Global က ထုတ်ပြန်ထားသည်။

"ဆော်လမွန်ကျွန်းမှာ မိုးခေါင်မှုကြောင့် စားနပ်ရိက္ခာမလုံလောက်မှုနဲ့ ရင်ဆိုင်နေရတဲ့ ပြည်သူတွေ တော်တော်များပါတယ်။ ကုမ္ပဏီအနေနဲ့ လူသားချင်းစာနာထောက်ထားရေး အစီအစဉ်နဲ့ စားနပ်ရိက္ခာခက်ခဲနေတဲ့ ဆော်လမွန်ကျွန်းက ဒေသခံတွေကို စားနပ်ရိက္ခာကူညီပံ့ပိုးပေးသွားပါမယ်"ဟု Respond Global ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ထိုနေ့က ဖုန်းပျောက်သည်

မစန္ဒာ



**ယမန်နေ့မှအဆက်**

"လက်ကိုင်ဖုန်းသေးသေးလေးကလဲ စွမ်းလိုက်တာ အမေကြီးရယ်"

"အမယ်လေးဟဲ့ ခင်ဖုန်းရဲ့၊ နင်ကလဲ ဝင်ပြီး ချီးမွမ်းခန်း ဖွင့်အုံးမလို့လား"

ဒေါ်မြမြအေး၏စိတ်က လက်ကိုင်ဖုန်းလေးတွေ ကိုယ်စီကိုင်သွားကြသော သားအဖတစ်တွေဆီသို့ ရောက်သွားသည်။ အဖေကြီးက ရုံးသို့၊ အလုပ်သင်ဆရာဝန်သားကြီးက ဆေးရုံသို့၊ ဘွဲ့လွန်တက်နေသောသမီးက တက္ကသိုလ်သို့၊ဆယ်တန်းကျောင်းသားသားငယ်က ကျူရှင်သို့...။

သူတို့အားလုံး လိုရာခရီးမရောက်မီ ကားပေါ်တွင် ဖုန်းပွတ်သွားကြပေလိမ့်မည်။

(၂)

သူ့ဇနီး ဒေါ်မြမြအေးကို ဦးအောင်မောင်းက "ဒေါ်များများအေး" ဟု ခေါ်လေ့ရှိသည်။ အတန်ငယ်ခေါင်းမာသော်လည်း အနေအထိုင်ရိုးလွန်း၊ အေးလွန်းသည့်အတွက်ကြောင့်ဖြစ်သည်။ ဘွဲ့ရ၊ ပညာတတ်တစ်ဦးဖြစ်သော်လည်း သူငယ်ချင်းသုံးလေးဦးအပြင် အပေါင်းအသင်းများများမရှိ။ သူ့အပေါင်းအသင်းတွေကလည်း သူ့လိုချည်းပဲမို့ သူတို့စိတ်ဝင်စားသည်မှာ မိမိ၏မိသားစုကိစ္စနှင့် ကုန်ဈေးနှုန်းကိစ္စသာဖြစ်လေသည်။ တစ်ခါကတော့ ဒေါ်မြမြအေးအဆွယ်ကောင်းသဖြင့် တရားစခန်းအတူတူဝင်ကြသည်။ သို့ပါသော်လည်း နောက်ထပ်တော့ခေါ်၍မရတော့ပေ။ တရားစခန်းဝင်သည်ပင်လျှင် အဖော်လေးနှင့်မှဝင်ချင်သော ဒေါ်မြမြအေးကလည်း သူငယ်ချင်းတွေခေါ်မရတော့ မဝင်ဖြစ်တော့ပေ။ တရားစခန်းမဝင်ဖြစ်သော်လည်း စီးတီးမတ်ကို တော့အတူသွားကြသည်။ ဖီးလ်စားသောက်ဆိုင်မှ ဇလုံထမင်းစားကြသည်။ ကိုရီးယားကားအကြောင်းပြောကြသည်။ ကိုရီးယားကားများကိုတော့ ဒေါ်မြမြအေးက မကြည့်၊ ညပိုင်းဇာတ်လမ်းတွဲလာချိန်များတွင် ဘုရားခန်းထဲရောက်နေတတ်လေသည်။ သူက တီဗီကို ဗုဒ္ဓချန်နယ်ကြည့်ရန်သာ သုံးလေ့ရှိသူဖြစ်သည်။

"တီဗီရှိရက်နဲ့လဲ မကြည့်၊ သူမကြည့်တော့ ငါလဲမကြည့်ရ၊ ဘယ်လိုအမေကြီးလဲမသိပါဘူးတော်"

ခင်ဖုန်းက စိတ်ပျက်လက်ပျက် တွေးမိတတ်သည်။ ဒေါ်မြမြအေးက ဇာတ်လမ်းတွဲများကို သူမကြည့်သော်လည်း ခင်ဖုန်းကိုတော့ မီးပူတိုက်ရင်း တီဗီကြည့်ခွင့်ပေးသည်။ ထို့ကြောင့် ခင်ဖုန်းက ဇာတ်လမ်းတွဲလာချိန်နှင့် ချိန်ကိုက်ပြီး မီးပူတိုက်ရလေ့ရှိလေသည်။

"တယ်လီဖုန်းဆက်ပြန်တော့လဲ ကြိုးဖုန်းကြီး သုံးပြန်ရော"

ဒေါ်မြမြအေးက တယ်လီဖုန်းဆက်လိုလျှင် ဧည့်ခန်းထောင့်က ကြိုးဖုန်းကိုပင် သုံးလေ့ရှိသည်။ "ဒီဖုန်းက မလှပေမဲ့ အသံပိုကြည်ပြီး ပိုက်ဆံလဲ သက်သာတယ် ခင်ဖုန်းရဲ့"ဟု ပြောတတ်လေသည်။ သို့သော် ထိုကြိုးဖုန်းကြီးက ကလောင်...ကလောင်နှင့်အော်လေလျှင် ကိုယ့်လုပ်လက်စအလုပ်ကို ချက်ချင်းချပြီး သူ့ဆီသို့အရောက်ပြေးရသည်ကတော့ ဟန်မကျလှချေ။ လူကတစ်နေ့တခြားဝလာသည့်အပြင် ဒူးတွေကလည်း နာလှတော့ ယခင်တုန်းကလို သွက်သွက်လက်လက်မလှမ်းနိုင်၊ အိပဲ့အိပဲ့နှင့် ခပ်မြန်မြန်သွားသော်လည်း သူရောက်တော့ ဖုန်းမြည်သံရပ်သွားသည်နှင့် မကြာခဏကြုံရသည်။ ထို့ကြောင့် လက်ကိုင်ဖုန်းလေးကိုတော့ ကိုယ်ဘုရားခန်းရောက်လျှင် သူလည်းဘုရားခန်း၊ ကိုယ်ထမင်းစားခန်းထဲရောက်လျှင် သူကလည်း ထမင်းစားခန်း နီးနီးနားနားယူထားရသည်။ ကြိုးဖုန်းကြီး 'ကလောင်' လေလျှင်တော့ ခင်ဖုန်းက အရောက်ပြေးရသည်။ "ဟုတ်ကဲ့ရှင့်၊ အမေကြီးရှိပါတယ်ရှင့်၊ ခဏကိုင်ထားပါရှင့်" ဟူ၍တစ်နည်း၊ "ဟုတ်ကဲ့ရှင့်၊ အမေကြီးအပေါ်ထပ်မှာပါရှင့်၊ လက်ကိုင်ဖုန်းကို ဆက်လိုက်ပါရှင့်"ဟူ၍ တစ်သွယ် ယဉ်ကျေးပျူငှာစွာ ပြောတတ်နေပြီဖြစ်လေသည်။

"ငါ့အတွက်တော့ ဒီလိုပေါ့ပေါ့ပါးပါး ပြေးလွှားနိုင်မဲ့သူတစ်ယောက် မရှိလို့မဖြစ်တော့ဘူး"

ဒေါ်မြမြအေးက မကြာခဏ တွေးမိတတ်သည်။ လူကဝရသည့်အထဲမှာ ဒူးကပါနာလေတော့ အတိုင်အထခက်လှသည်။ အဆင်းအတက်ကလည်း မလွယ်လှ။ သူတို့အိမ်ကလည်း နှစ်ထပ်အိမ်ဆိုတော့ လှေကားထစ်များကို ရှောင်၍မရ။ ခင်ဖုန်းတစ်ယောက်ပေါ့ပေါ့ပါးပါးနှင့် ပြေးနိုင်လွှားနိုင်နေ၍သာ တော်တော့သည်။

ဒီကြားထဲ ဦးအောင်မောင်းကလည်း သူအောက်ထပ်ဆင်းလာလျှင် စာကြည့်မျက်မှန်ကို အပေါ်ထပ်တွင် ထားခဲ့တတ်သည်။ အောက်ထပ်ရောက်သောအခါမှ သတင်းစာကိုကောက်ကိုင်ပြီး "ငါ့ မျက်မှန်ယူခဲ့စမ်းဟေ့" ဟု အော်တတ်သူဖြစ်သည်။ အပေါ်ထပ်သို့ တက်သွားပြန်တော့လည်း လက်ကိုင်ဖုန်းကို အောက်ထပ်တွင် ထားခဲ့ပြန်လေသည်။ သူအပေါ်ထပ်ရောက်ပြီးခါလေမှ သူ့ဖုန်းက ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်" ဟု ထ၍ အော်တတ်သည်မှာ မကြာခဏပင်။ ခင်ဖုန်းက အပေါ်ထပ်သို့ အပြေးအလွှားသွား၍ ပို့ရပြန်လေသည်။ ဦးအောင်မောင်းအိမ်မှာရှိသော စနေ၊ တနင်္ဂနွေနေ့များတွင် ခင်ဖုန်းခမျာ လှေကားထစ်ဆယ့်ရှစ်ထစ်ကို ပြေးတက်လိုက်၊ ပြေးဆင်းလိုက်နှင့် အခေါက်ပေါင်းများစွာ လုပ်ရရှာလေသည်။

"ဒါကြောင့်မို့လို့ ခင်ဖုန်းမရှိရင် အခက်ပဲလို့ပြောတာ၊ ဘယ်သူတွေဘာပြောပြော ငါ့အတွက် မရှိမဖြစ်ဖုန်းကတော့ ခင်ဖုန်းပဲ"

သူကတော့ ခင်ဖုန်းကို အလွန်အမင်း အားကိုးမိနေပြီဖြစ်ကြောင်း ဒေါ်မြမြအေး ကိုယ့်ကိုယ်ကိုယ်သိလေသည်။ ယခင်က အစစအရာရာ ကိုယ်တိုင်လုပ်ရမှကျေနပ်တတ်သော်လည်း ယခုတော့ တစ်ခုခုလုပ်မည်ကြံလျှင် ပါးစပ်က "ခင်ဖုန်းရေ"ဟုခေါ်မိပြီးဖြစ်နေသည်။ ခေါ်လျှင် ချက်ချင်းရောက်၍ ခိုင်းလျှင်လည်း ချက်ချင်းလုပ်တတ်ပြီး ချက်ချက်ချာချာလည်းရှိလှသောကြောင့် ဒေါ်မြမြအေးနှင့် အဆင်ပြေလှသည်။

"အင်း...အမေ့ခမျာလဲ ခင်ဖုန်းတစ်ယောက်ရှိနေပေလို့ပဲ၊ လူကလဲဝ၊ ဒူးကလဲနာ၊ အရင်တုန်းကလို စိတ်သွားတိုင်းကိုယ်မပါနိုင်တော့ဘူး၊ အခုဆိုရင် တရားထိုင်တာတောင် ကြမ်းပြင်မှာ မထိုင်နိုင်ရှာတော့လို့ထင်ပါရဲ့၊ ဘုရားခန်းထဲမှာ ကုလားထိုင်ကြီးနဲ့ထိုင်နေတယ်၊ ငါကလဲ ဘာမှဖြစ်ဖြစ်မြောက်မြောက် မကူနိုင်..."

ကိုယ်မကူနိုင်တော့လည်း ကူနေသော ခင်ဖုန်းကို သမီးက ကျေးဇူးတင်သည်။ ထို့ကြောင့် အကျီစ၊ ထဘီစကလေးများ၊ နှုတ်ခမ်းနီ၊ မိတ်ကပ်ဘူးကလေးများကို မကြာခဏဝယ်ပေးလေ့ရှိသည်။ သို့သော် မရွှေခင်ဖုန်းက မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေထက် လက်ကိုင်ဖုန်းကိုပိုပြီး စိတ်ဝင်စားနေပြီဖြစ်လေသည်။

"သင်းသင်းတို့၊ မသက်တို့ဆီမှာ လက်ကိုင်ဖုန်းရှိနေတာကြာလှပြီ မမရဲ့"

ခင်ဖုန်းက မရဲတရဲပြောသည်။ သင်းသင်းနှင့်မသက်သည် ဆွေမျိုးများအိမ်မှ အကူမိန်းကလေးများဖြစ်သည်။

❖ "ဒါကြောင့်မို့လို့ ခင်ဖုန်းမရှိရင် အခက်ပဲလို့ပြောတာ၊ ဘယ်သူတွေဘာပြောပြော ငါ့အတွက်မရှိမဖြစ်ဖုန်းကတော့ ခင်ဖုန်းပဲ" သူကတော့ ခင်ဖုန်းကို အလွန်အမင်းအားကိုးမိနေပြီဖြစ်ကြောင်း ဒေါ်မြမြအေး ကိုယ့်ကိုယ်ကိုယ်သိလေသည်။ ယခင်က အစစအရာရာ ကိုယ်တိုင်လုပ်ရမှကျေနပ်တတ်သော်လည်း ယခုတော့ တစ်ခုခုလုပ်မည်ကြံလျှင် ပါးစပ်က "ခင်ဖုန်းရေ"ဟု ခေါ်မိပြီးဖြစ်နေသည်။ ခေါ်လျှင်ချက်ချင်းရောက်၍ ခိုင်းလျှင်လည်း ချက်ချင်းလုပ်တတ်ပြီး ချက်ချက်ချာချာလည်း ရှိလှသောကြောင့် ဒေါ်မြမြအေးနှင့် အဆင်ပြေလှသည်။ ❖

"သူတို့ပုံကို သူတို့လဲဖုန်းနဲ့ ဓာတ်ပုံရိုက်လို့ရတယ်၊ လှတယ်မမရဲ့၊ သူတို့က ချဉ်ပေါင်ရွက်ခြွေရင်တောင် လက်ကိုင်ဖုန်းလေးဘေးချပြီး သီချင်းနားထောင်ရင်းခြွေတာ"

"ဟ...တယ်ဟုတ်လိုက်ပါလား"

ဆက်လက်ဖော်ပြပါမည်။

# ထူးကဲမွန်မြတ်သော သီတင်းကျွတ်လ

ထူးပြည့်

မြန်မာတို့၏ ၁၂ လရာသီတွင် သီတင်းကျွတ်လသည် ဘာသာတရားများ ထုံမွမ်းနေသောကာလဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ မြတ်စွာဘုရားအားရည်မှန်းကာ ဆီမီးများထွန်းညှိပူဇော်ခြင်း၊ ဘုရားစေတီများဖူးမြော်ခြင်း၊ ဘုရားပွဲတော်များကျင်းပခြင်း၊ ရဟန်းသံဃာတော်များ ပဝါရဏာပြုခြင်း၊ သက်ကြီးဘိုးဘွား၊ မိဘဆရာတို့ကို ဂါရဝပြုရှိခိုးကန်တော့ခြင်း၊ မီးထွန်းပွဲတော်များကို အစဉ်အလာမပျက် ကျင်းပခြင်း အခါသမယဖြစ်သည်။

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ဝါဆိုဝါကပ်တော်မူခဲ့ကြသည့် ရဟန်းသံဃာတော်များသည် ဝါတွင်းကာလကုန်ဆုံးပြီး မြောက်ခြင်းကြောင့် ဝါလကင်းလွတ် သီတင်းကျွတ်ဟုဆိုကြသည်။ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟုလည်း ခေါ်ဆိုကြသည်။

**အဘိဓမ္မာအခါတော်နေ့**

မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်တွင် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ အဘိဓမ္မာတရားတော် ဟောကြားတော်မူခဲ့သည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ပူဇော်ခဲ့ကြသည်။ မြတ်စွာဘုရားရှင်သည် ဝါတော်ခုနစ်ဝါမြောက်၌ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားသည့် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာတွင် သတ္တမဝါကပ်တော်မူခဲ့သည်။ ဘုရားရှင်၏မယ်တော်မာယာဒေဝီသည် တာဝတိံသာနတ်ပြည်၌ သန္တုသိတနတ်သားအဖြစ် စံစားနေစဉ် မွေးမိခင်ကိုကျေးဇူးဆပ်သည့်အနေဖြင့် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို နေ့ညမစဲ ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးတော်မူသည်။ ထိုအဘိဓမ္မာတရားတော်ကို စကြဝဠာ တိုက်တစ်သောင်းတို့မှ ရောက်ရှိလာကြကုန်သောနတ်ဗြဟ္မာအပေါင်းတို့ကလည်း နာယူခဲ့ကြသည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သောသုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို ပိဋကသုံးပုံဟု ခေါ်ဆိုသည်။ ပိဋကသုံးပုံထဲမှ အဘိဓမ္မာဆိုသည်မှာ သုတ္တန်ထက်လွန်ကဲထူးမြတ်သောတရား၊ နက်နဲခက်ခဲသော အတွေးအခေါ်သဘောတရားဟု အဓိပ္ပာယ်ရသည်။ အဘိဓမ္မာခုနစ်ကျမ်းတွင် ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်းနှင့် ပဋ္ဌာန်းကျမ်းတို့ပါဝင်သည်။ အဘိဓမ္မာဒေသနာတော်သည် မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော တရားတော်၏အနှစ်ချုပ်ဖြစ်သည်။

မြတ်စွာဘုရားရှင်က အဘိဓမ္မာတရားတော်ကို နတ်ဗြဟ္မာများကို ဟောကြားတော်မူပြီးနောက် အရှင်သာရိပုတ္တရာကို အကျဉ်းချုပ်ဟောကြားတော်မူခဲ့သည်။ အရှင်သာရိပုတ္တရာက တပည့်ရဟန်း ၅၀၀ တို့ကို ဟောကြားတော်မူခဲ့ရာ ထိုရဟန်း ၅၀၀ တို့သည် အဘိဓမ္မာတရားကို ဦးစွာဆောင်ယူခဲ့သည့် ပုဂ္ဂိုလ်များဖြစ်ကြပြီး တပည့်အဆက်ဆက်တို့က ဆောင်ယူလာခဲ့ကြရာမှ ယနေ့ထက်တိုင်သာသနာတော်ကြီး ထွန်းလင်းတောက်ပ ပြန့်ပွားနေခြင်းဖြစ်သည်။ သာသနာတော်၏အနှစ်ဖြစ်သည့် အဘိဓမ္မာဒေသနာတော်ကို ဝါတွင်းသုံးလကာလပတ်လုံး ဟောကြားပြီးဆုံးသည့် သီတင်းကျွတ်လပြည့်နေ့သည်သာသနာတော်အတွက်ထူးကဲမွန်မြတ်သောနေ့တစ်နေ့ ဖြစ်ခဲ့သည်။

**မီးထွန်းပွဲတော် ( ဆီမီးမြင်းမိုရ်ပွဲတော် )**

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခု၊ သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှ မယ်တော်မိနတ်သားနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့ကို အဘိဓမ္မာတရားတော် ဟောကြားပြီးဆုံးခဲ့ပြီး ထိုနေ့တွင် နတ်ဗြဟ္မာအပေါင်းတို့ ဖန်ဆင်းသည့် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းသုံးသွယ်တို့ဖြင့် လူ့ပြည်သို့ ဆင်းသက်တော်မူခဲ့သည်။



ထိုအချိန်တွင် မြတ်စွာဘုရားရှင်ကို လူ့ပြည်မှ ဆီမီးတန်ဆောင်များထွန်းညှိ၍ ကြိုဆိုပူဇော်ကြသည်။ ထိုသို့ပူဇော်သည့်ပွဲကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးများ ထွန်းညှိပူဇော်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် သီတင်းကျွတ်လပြည့်နေ့ကို သီတင်းကျွတ်မီးထွန်းပွဲ၊ မီးမြင်းမိုရ်ပွဲ၊ တာဝတိံသာပွဲဟုလည်း ခေါ်ဆိုခဲ့ကြသည်။

မြတ်စွာဘုရားအား ရည်မှန်းသည့် မီးပူဇော်ပွဲများကို အင်းဝခေတ်မှ ကုန်းဘောင်ခေတ်တိုင်အောင် ဘုရင်မင်းမြတ်များကိုယ်တိုင် ဦးစီးပြုလုပ်ခဲ့ကြောင်း မှတ်သားရသည်။ နန်းရင်ပြင်၌ မြင့်မားလှသည့် ပြာသာဒ်ကြီးများကို ခမ်းနားထည်ဝါစွာ ဆောက်လုပ်၍ လှေကားသုံးသွယ်ဆင်ယင်ပြီး ဆီမီးများထွန်းညှိပူဇော်ခြင်း၊ ဘုရားစေတီများတွင် ဆီမီးထွန်းညှိပူဇော်ခြင်း၊ နေအိမ်များတွင် ဆီမီးပူဇော်ခြင်းများဖြင့် ကုသိုလ်ပြုကြသည်။ ဆီမီးပူဇော်ခြင်းကို သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့နှင့် သီတင်းကျွတ်လပြည့်နေ့တို့တွင် ကျင်းပလေ့ရှိကြသည်။ နောက်ပိုင်းတွင် လပြည့်ကျော် ၁ ရက်နေ့အပါအဝင် သုံးရက်တိုင်တိုင် ဆီမီးထွန်းညှိပူဇော်ခဲ့ကြသည်။

ရှေးခေတ်က မီးစာအဖြစ် ဝါပင်မှ ဝါပွင့်ကောင်းများကို ကောက်၍နေလှန်းခြင်း၊ ဝါဖန်ခြင်း၊ ဝါကြိတ်ခြင်းများပြု၍ ဝါဂွမ်းများကို လက်ညှိုးခန့် အလိပ်ကလေးများဖြစ်အောင် လိပ်ကြသည်။ ထိုဝါဂွမ်းလိပ်ကလေးများကို သုံးလေးရက်ခန့် ဆီဝအောင်စိမ်ထားရသည်။ မီးထွန်းမည့်နေ့တွင် ဝါးတိုင်များကို နှစ်ဖက်ခွဲပြီး ဝက်ပါကဲ့သို့ ကောက်ကွေ့ပြီး စိုက်ထူ၍ တိုင်ထိပ်များတွင် ဆီမီးခွက်များတင်သည်။ ဆီမီးခွက်ထဲတွင် မီးစာလေးများ အစထုတ်၍ ဆီမီးခွက်များထဲသို့ ဆီများလောင်းထည့်ပြီး မီးစာများကို မီးရှို့ထွန်းညှိပူဇော်ခဲ့ကြသည်။ ယခုခေတ်တွင် ဆီမီးပူဇော်ခြင်းများအပြင် ရောင်စုံမီးပုံးများ၊ လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်လာကြသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားပွဲတော်များကျင်းပခြင်း၊ ဆီမီးပူဇော်ခြင်း၊ ပျော်ပွဲရွှင်ပွဲကျင်းပခြင်းများ ပြုလုပ်လျက်ရှိသည်။ တချို့က နတ်ပြည်ရှိ စူဠာမဏိစေတီတော်အား ရည်မှန်း၍ မီးပုံးပျံလွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်းများကို ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြသည်။

**ပဝါရဏာပြုခြင်း**

ပဝါရဏာဆိုသည်မှာ အပြစ်ရှိလျှင်ဆုံးမပါဟု ရဟန်းတစ်ပါးစီက သံဃာအားဖိတ်ကြားမှုဖြစ်သည်။ မြတ်စွာဘုရားရှင် ပညတ်ခဲ့သည့်ကာလမှ မျက်မှောက်ကာလထိ ဝါကျွတ်ပါက မိမိတို့ဝါဆိုရာကျောင်းတိုက်များတွင် ဝါစဉ်တူရာ ရဟန်းများစုပေါင်း၍သံဃာများရှေ့မှောက်၌ "အရှင်ကောင်းအရှင်မြတ်တို့ဘုရား တပည့်တော်သည် ဥပုသ်သိမ်၊ သိမ်အပြင်၌ရှိသော သံဃာတော်ကို တောင်းဆိုပန်ကြားပါ၏။ မလျော်သောအမှုပြုနေကြသည်ကို မြင်လျှင်သော်လည်းကောင်း၊ မလျော်စကား ကြားလျှင်သော်လည်းကောင်း၊ ယုံမှားသံသယဖြစ်လျှင်သော်လည်းကောင်း သက်တော်ရှည်အရှင်ဘုရားတို့က အစဉ်စောင့်ရှောက် ချီးမြှောက်ထောက်ညှာငဲ့ကွက်ပါ၍ ဘုရားတပည့်တော်ကို မထောက်ညှာဘဲ ပြစ်ဆာရှိသမျှ အတိအကျ ဆိုတော်မူကြပါကုန်လော့။ အပြစ်ကိုရှုမြင်မိလျှင် ထိုအပြစ်ကို ဘုရားတပည့်တော် ကုစားပါမည်ဘုရား"ဟု ပန်ကြား၍ ပဝါရဏာပြုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ရဟန်းတော်အချင်းချင်း ဖိတ်ကြား တောင်းပန်ခြင်းဖြစ်သည်။

**ရိုသေဂါရဝ ကန်တော့ကြ**

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် မိမိထက် အသက်အရွယ်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း ကြီးမြတ်သူများကို ရိုသေလေးစားခြင်း၊ ဂါရဝထားခြင်းသည် မင်္ဂလာတစ်ပါးအဖြစ် ခံယူကြသည်။ မင်္ဂလသုတ်တွင် ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ- ရိုသေထိုက်သူကို ရိုသေခြင်း၊ မိမိကိုယ်ကို မောက်မာသမှုမပြုဘဲ နှိမ့်ချခြင်း၊ သူတစ်ပါးက မိမိအပေါ်ပြုဖူးသော ကျေးဇူးကို သိတတ်ခြင်းသည် မင်္ဂလာဖြစ်သည်။ ထို့ပြင် ပူဇော်ထိုက်သူကို ပူဇော်ကန်တော့ခြင်း၊ အလှူပေးခြင်းတို့သည် မြတ်သောအကျင့်ကို ကျင့်ကြံခြင်းလည်းဖြစ်သည်။

သီတင်းကျွတ်အခါသမယတွင် ရဟန်းသံဃာတော်များ၊ သက်ကြီးဝါကြီး ဘိုးဘွားမိဘ၊ ဆရာတို့ကို အပြစ်မှခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်၍ အရိုအသေပြု ကန်တော့ကြသည်။ ဤအစဉ်အလာသည် ဗုဒ္ဓဘာသာမြန်မာတို့ အစဉ်အဆက် ထိန်းသိမ်းဆောင်ရွက်လာခဲ့ကြသည့် ယဉ်ကျေးမှုဖြစ်သည်။

ဤသို့ဂါရဝပြုကန်တော့ကြခြင်းကြောင့် ရဟန်းသံဃာတော်များထံမှ တရားထူးတရားမြတ်များ နာကြားရခြင်း၊ မေတ္တာခံယူရခြင်းအကျိုးများကို ခံစားကြရသည်။ သက်ကြီးဝါကြီး ဘိုးဘွားမိဘများနှင့် ဆရာများကို ကန်တော့ပြီးချိန်တွင် ဆုတောင်းပေးခြင်း၊မေတ္တာပို့သပေးခြင်းတို့ကြားသိရသည့်အခါ စိတ်ရောကိုယ်ပါ ပေါ့ပါးသွားသကဲ့သို့ ခံစားကြရသည်။ ဆုံးမဩဝါဒစကားများနာယူပြီး မိမိတို့အားနည်းချက်၊ ပြုပြင်ရမည့်အချက်များကို သိရှိလိုက်နာရသည်။ အဖိုးတန်သည့် ဆုံးမစကားများ နာယူမှတ်သားရခြင်း၊ပညာရှိသူတော်ကောင်းများ၏ ချီးမွမ်းမှုကိုခံရခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ ယဉ်ကျေးလိမ္မာသူများအဖြစ် အသိအမှတ်ပြုခံရခြင်းစသည့်အကျိုးများလည်း ခံစားကြရသည်။

**ဘုရားပွဲတော်များ၊ မီးထွန်းပွဲတော်များ**

သီတင်းကျွတ်လ၏ရာသီဥတုသည် မိုးလေကင်းစင်နေပြီး သဘာဝပတ်ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။ ဤအခါသမယတွင် မြန်မာနိုင်ငံအနှံ့အပြားရှိ တန်ခိုးကြီးဘုရား၊ စေတီပုထိုးများတွင် ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပကြသည်။ ဘုရားစေတီများတွင် မီးထွန်းပွဲတော်များကို စေတနာသဒ္ဓါထက်သန်စွာဖြင့် စုပေါင်းပါဝင်ကုသိုလ်ယူကြသည်။

သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်များနာယူခြင်း၊ အဘိဓမ္မာခုနစ်ကျမ်းတွင်ပါဝင်သည့် ပဋ္ဌာန်းကျမ်းများရွတ်ဖတ်ပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ အဖိတ်နေ့၊ လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့ညများတွင် ရပ်ကွက်များ၊ နေအိမ်များ၌ မီးထွန်းခြင်းများ၊ မီးပုံးပျံလွှတ်တင်ခြင်းများ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းများကို တပျော်တပါး ဆင်နွှဲကြသည်။

သီတင်းကျွတ်လတွင် ကျင်းပသည့်ပွဲတော်များသည် ဘာသာရေးပွဲတော်များဖြစ်သကဲ့သို့ အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်လာသည့် မြန်မာ့ယဉ်ကျေးမှုများကို ထိန်းသိမ်းဖော်ထုတ်ခြင်းလည်းဖြစ်သည်။

ယဉ်ကျေးမှုဆိုသည်မှာ သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်း အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်း စသည်များဖြစ်သည်။ ဘိုးဘွားမိဘများက ထိန်းသိမ်းစောင့်ရှောက်လာခဲ့ခြင်းကြောင့် ယနေ့တိုင်အောင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ခံစားနေကြရခြင်းဖြစ်သည်။ ယနေ့ခေတ် မျိုးဆက်သစ်များကလည်း ထူးကဲမွန်မြတ်သော သီတင်းကျွတ်လ၏ အစဉ်အလာများအပါအဝင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများကို ပျောက်ကွယ်၊ ပျက်စီးမသွားစေရန် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- မှတ်အပ် ၊ မှတ်ရာမှတ်စုပဒေသာ သုခမှတ်စု
- ဝိသုဇ္ဇက (ပဲခူး)၏ ဗုဒ္ဓေါတပတိတေဇသာ
- နေ့စဉ်ထုတ်သတင်းစာများ

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဒီပဲယင်း အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၄၁၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နှမ်း ၂၈၄၁၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါကဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ခင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၉၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခင်ဘန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၄၄ ဒသမ ၇၅ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၉၅ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

**စာပေမြင့်မှ လူမျိုးတင့်မည်**



# AMM အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မွေးအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ



မိသားစုဘဝ လုံခြုံစိတ်ချဖို့
"ကျန်းမာရေးအာမခံ" ထားကြစို့!

**WE PROTECT THE FAMILY**

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

## မန္တလေးမြို့၊ မဟာမုနိဘုရားကြီး
## ဓာတ်ပုံရိုက်ကူးခွင့်လုပ်ငန်း ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့ မဟာမုနိဘုရားကြီး ကျောင်းတော်ကြီးရင်ပြင်တော်/ဥယျာဉ်နေရာများ၌ ဓာတ်ပုံရိုက်ကူးခွင့်လုပ်ငန်းလုပ်ကိုင်ခွင့်ကို ဈေးပြိုင်တင်ဒါခေါ်ယူ၍ အောက်ဖော်ပြပါအစီအစဉ်အတိုင်း လုပ်ငန်းခွင့်ပြုမည်ဖြစ်ပါသည်-

(က) တင်ဒါတင်သွင်း/လုပ်ကိုင်မည့်သူသည် မြန်မာနိုင်ငံသား/ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။

| | | |
|---|---|---|
| ( ခ ) လျှောက်လွှာပုံစံ စတင်ရောင်းချမည့်နေ့ရက် | - | ၂၄-၁၀-၂၀၂၆ ရက်၊ ရုံးချိန်အတွင်း |
| ( ဂ ) လျှောက်လွှာပုံစံအရောင်းပိတ်မည့်နေ့ရက်/အချိန် | - | ၃-၁၁-၂၀၂၆ ရက်၊ (၁၆:၀၀)နာရီ |
| (ဃ) လျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးနေ့ရက်/အချိန် | - | ၅-၁၁-၂၀၂၆ ရက်၊ (၁၆:၀၀)နာရီ |
| ( င ) ဈေးပြိုင်တင်ဒါကျင်းပမည့်နေ့ရက်/အချိန်/နေရာ | - | ၆-၁၁-၂၀၂၆ ရက်၊ (၁၀:၀၀)နာရီ သမိုင်းပန်းချီပြတိုက်၊ မဟာမုနိရင်ပြင်တော် |
| ( စ ) တင်ဒါလျှောက်လွှာပုံစံ(၁)စုံ ဈေးနှုန်း | - | ကျပ် (၅၀,၀၀၀) |

၂။ တင်ဒါလျှောက်လွှာ ဝယ်ယူ/တင်သွင်းခြင်းကို တင်သွင်းမည့်သူကိုယ်တိုင် မှတ်ပုံတင်မူရင်းနှင့်တကွ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊ စီမံခန့်ခွဲရေးဌာနတွင် ဝယ်ယူ/တင်သွင်းရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၉-၄၄၄၀၁၆၀၀၄၊ ၀၉-၇၉၄၀၄၄၄၇၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
မဟာမုနိဂေါပကအဖွဲ့၊ မန္တလေးမြို့။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ မုတ်ပုလဲရွာနေ (ဘ) ဦးသန်းမြိုင် + (မိခင်) ဒေါ်နုနုသန်းတို့၏သမီး မနုနုဝင်း(၈/မသန(နိုင်)၁၇၇၃၈၉)ကိုင်ဆောင်သူသည် မိဘများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝ အားလုံး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်နုနုသန်း(၉/အမရ(နိုင်)၀၉၀၈၉၃)

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး**

### ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ လွယ်ပွယ်အုပ်စု၊ ကျောင်းခုံရွာနေ ခွန်ပြည့်ဦး (ဘ) ဦးခွန်ဦးငဲ့(၁၃/ဆဆန(နိုင်)၁၂၅၅၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-687603627

### ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ၃၁၈ ဒေးဝန်းအနောက်ရပ်နေ ဒေါ်အိအိထူး (ဘ) ဦးသန်းထူး(၈/ပခက(နိုင်)၁၉၀၁၄၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-790298)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-777641180

### ပျောက်ဆုံးကြောင်း

အမရပူရမြို့၊ သော်ကမြစ်ငယ်နေ မဝေသဲအိအိနိုင် (ဘ) ဦးနိုင်ဦး(၅/ဗမန(နိုင်)၀၅၅၂၇၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-884400002

### ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ ဏ-၅/၁၀၀ မြို့သစ်(၁)နေ မောင်စိုးအောင် (ဘ) ဦးလဂျာ(၉/ခမစ(နိုင်)၀၅၉၁၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MK-800566)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။09-404756004

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးရွာ အထက(ခွဲ)ကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော မောင်အောင်ဇေမိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးလင်းအောင်** ဖြစ်ပါကြောင်း။ **ဦးလင်းအောင်(၅/ရဘန(နိုင်)၁၅၅၉၉၀)**

## စားသောက်ဆိုင်
## အထွေထွေဝန်ထမ်းအလိုရှိသည်

- အမျိုးသမီး (၄) ဦး
- လစာ ၃၀၀၀၀၀ ကျပ်
- စားရိတ်ငြိမ်း

မန္တလေးမြို့
09-403750763
09-663331320

**အဖိုးတန်ရေချိုကို ချွေတာပါ**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက အင်းတော် - ဝန်းသို - ကောလင်းလမ်းကြောင်းနှင့် အင်းတော် - မအူကုန်း - ကျောက်တန်းလမ်းကြောင်းပေါ်တွင်အခြေပြု၍ ခရီးသွားပြည်သူများကို ဆက်ကြေးကောက်အနိုင်ကျင့်နေသော အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများကို ရှင်းလင်းတိုက်ခိုက်




နေပြည်တော် အောက်တိုဘာ ၂၀

NUG၊ CRPH အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် အစိုးရအုပ်ချုပ်မှုယန္တရားများရပ်တန့်စေရန်နှင့်၎င်းတို့ကိုယ်ကျိုးစီးပွားအတွက် ၎င်းတို့အလိုကျဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့ရွာများကို ယာယီစိုးမိုးကာ အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသောကြောင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter Terrorism-Operation)များကို ဆောင်ရွက်လျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ၎င်းတို့၏ အကျိုးစီးပွားအတွက် မြို့ရွာ၊ ဒေသအချို့ကို ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ကာ ဒေသဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ခြင်းများလုပ်ဆောင်ခဲ့ပြီး အများပြည်သူအသုံးပြုလျက်ရှိသည့်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

တပ်မတော်စစ်ကြောင်းများက အင်းတော် - ဝန်းသို - ကောလင်း လမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်း လမ်းကြောင်းများပေါ်တွင် အခြေပြု၍ ခရီးသွားပြည်သူများကို ဆက်ကြေးကောက်အနိုင်ကျင့်နေသော အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများကို ရှင်းလင်းတိုက်ခိုက်မှုပြမြေပုံ။

## ၂၀၂၆ ခုနှစ် ငါးကြိမ်မြောက် အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် မြန်မာရေကူးအားကစားအဖွဲ့မှ ညီညီလင်းထက်က ဒုတိယမြောက် ကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူး

နေပြည်တော် အောက်တိုဘာ ၂၀

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ကျင်းပလျက်ရှိသည့် ငါးကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့မြန်မာမသန်စွမ်းအားကစားအဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်ကျော်ဦးနှင့်အတူ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ(လေ့ကျင့်) ဦးဝင်းမြင့်၊ အုပ်ချုပ်သူ၊ နည်းပြများ၊ မသန်စွမ်းအားကစားသမား စုစုပေါင်း ၁၅ ဦးတို့သည် ယနေ့ဒေသစံတော်ချိန်

စာမျက်နှာ ၂၁ ကော်လံ ၁ ❑




## ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၀

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်တည်းခိုရေးစခန်းနှင့် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် (ယနေ့) နံနက် ၉ နာရီတွင် MICC -I ၌ ကျင်းပမည်ဖြစ်ရာ

စာမျက်နှာ ၂၁ ကော်လံ ၄ ❍

## ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ

စာမျက်နှာ ၂၄ ကော်လံ ၁ ❖



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ငါးထပ်အဆောက်အအုံကို စက်ယန္တရားဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

လက်ဝှေ့အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်လက်ဝှေ့အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ ◆